ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက်၊ တနင်္ဂနွေနေ့၊ (13-6-2010)(၆၄၂၈)

ရတနာ - ရန်ကုန် ပြည်တွင်းသုံး ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း သဘာဝဓာတ်ငွေ့ပို့လွှတ်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၂

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရတနာ-ရန်ကုန် ၂၄ လက်မ ပြည်တွင်းသုံး ကမ်းလွန် သဘာဝဓာတ်ငွေ့ပိုက်လိုင်း သဘာဝဓာတ်ငွေ့ပို့လွှတ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ကမ်းလွန်သဘာဝဓာတ်ငွေ့ဖိအားထိန်းချုပ် တိုင်းတာဖြန့်ဖြူးရေးစခန်း(ရွာမ)၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့☆

ကမ္ပည်းမော်ကွန်း စက်ခလုတ်နှိပ် ဖွင့်လှစ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရတနာ-ရန်ကုန် ၂၄ လက်မ ပြည်တွင်းသုံး ကမ်းလွန် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စတင်ပို့လွှတ်ခြင်း ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၁၃

၂၀၁၀ ခုနှစ် မတ်လအတွင်း ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန် ၁၃ ရက် (တနင်္ဂနွေနေ့) ယနေ့ နံနက် ၆ နာရီတွင် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အောင်စာရင်းများကို သက်ဆိုင်ရာပြည်နယ်/တိုင်းနှင့် မြို့နယ် အသီးသီးရှိ သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများတွင် တစ်ချိန်တည်း ကပ်ထား ကြေညာထားသည်။

ပြည်နယ်/တိုင်း အောင်စာရင်း

ထို့အပြင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့တွင်လည်း ရန်ကုန်တိုင်းမှအပ အခြားပြည်နယ်နှင့် တိုင်းများ၏ အောင်စာရင်းများကို ကပ်ထားပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ မြန်မာ့အသံမှ ထုတ်လွှင့်ကြေညာမည်

နေပြည်တော် ဇွန် ၁၂

၂၀၁၀ ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများအနက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ပြည်နယ်နှင့် တိုင်းများရှိ စာစစ်ဌာနများမှ အောင်မြင်ကြသူများ၏ အောင်စာရင်းကို မြန်မာ့အသံမှ ဇွန် ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှစ၍ မြန်မာ့အသံ ရေဒီယို(လှိုင်းတို-၅၀ ဒသမ ၇၁မီတာ၊ ၅၉၁၅ ကီလိုဟာ့ဇ်၊ လှိုင်းတို ၅၀ ဒသမ ၁၂ မီတာ၊ ၅၉၈၅ကီလိုဟာ့ဇ်) (လှိုင်းလတ်-၄၁၀မီတာ၊ ၇၂၉ ကီလိုဟာ့ဇ်)တို့မှ အသံလွှင့် ကြေညာပေးမည် ဖြစ်သည်။

ကချင်ပြည်နယ်ရှိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော တနိုင်း၊ မချမ်းဘော၊ ပူတာအို၊ နောင်မွန်း၊ ဖားကန့်၊ ကာမိုင်း၊ ဆွမ်ပရာဘွမ်နှင့် ချီဖွေ စာစစ်ဌာနများ၊ကရင်ပြည်နယ်ရှိ လမ်းပန်း ဆက်သွယ်ရေးခက်ခဲသော ဖာပွန်၊ ကြာအင်းဆိပ်ကြီးနှင့် ကမမောင်း စာစစ်ဌာနများ၊ ချင်းပြည်နယ်ရှိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ကန်ပက်လက်၊ မတူပီ၊ ရေဇွာ၊ မင်းတပ်နှင့် ပလက်ဝ စာစစ်ဌာနများ၊ ရခိုင်ပြည်နယ်ရှိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဂွ၊ ကျိန္တလီ၊ ဇရပ်ကုန်းခင်နှင့် မာန်အောင် စာစစ်ဌာနများ၊ ရှမ်းပြည်နယ်ရှိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော မိုးမိတ်၊ နမ့်ဆန်(မြောက်)၊ မိုင်းဆတ်၊ မိုင်းကိုင်၊ ကွမ်းလုံ၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မိုင်းယန်း၊ မောက်မယ်၊ မိုင်းယောင်း၊ ကျေးသီးမံစံ၊ မိုင်းနောင်၊ ကွန်ဟိန်း၊ ဟိုပန်၊ မိုင်းခတ်၊ မိုင်းပန်၊ မိုင်းဖြတ်၊ မဘိမ်း၊ ငါးအို၊ မိုင်းရှူး၊ တုန်ဟုန်း၊ မန်တုံနှင့် လောက်ကိုင် စာစစ်ဌာနများ၊ တနင်္သာရီတိုင်းအတွင်းရှိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ပုလော၊ ပလောက်၊ ပလနှင့် ဘုတ်ပြင်း စာစစ်ဌာနများ၊ မကွေးတိုင်းအတွင်းရှိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ပေါက်၊ ရေပြာ၊ ထီးလင်း၊ ဆော၊ လောင်းရှည်၊ ကျောက်ထု၊ စေတုတ္တရာနှင့် ငဖဲ စာစစ်ဌာနများ၊ စစ်ကိုင်းတိုင်း အတွင်းရှိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော နန်းယွန်း၊ လေရှီးနှင့် လဟယ် စာစစ်ဌာနများနှင့် ရန်ကုန်တိုင်းအတွင်းရှိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ကိုကိုးကျွန်း စာစစ်ဌာနများမှ အောင်မြင်ကြသူများအတွက် အောင်စာရင်းများကို ထုတ်လွှင့်ပေးမည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၁၃-၆-၂၀၁၀
(တနင်္ဂနွေနေ့)

မြို့ပြပြည်ရွာ စိမ်းလန်းစိုပြည် အလှတိုး စားပင် သီးပင် အရိပ်ရပင် နှစ်စဉ်စိုက်ပျိုး

ကမ္ဘာမြေတစ်ဝန်း လေထုပူနွေးလာမှုနှင့်အတူ ရေ မြေ လေ ရာသီဥတု စသည့် ရုပ်ပိုင်းဆိုင်ရာများ ယိုယွင်းလာနေသည်။ သစ်ပင်၊ ပန်းမန်၊ တိရစ္ဆာန်စသည့် သက်ရှိဇီဝဆိုင်ရာပြုန်းတီးမှုများ တွေ့ကြုံနေကြရပြီ။ ယင်းအကြောင်းတရားများကြောင့် နိုင်ငံအများအပြားက ကမ္ဘာကြီးပူနွေးလာမှုတားဆီးလျှော့ချနိုင်ရေး သစ်ပင် သစ်တောများကို တိုးချဲ့စိုက်ပျိုးထိန်းသိမ်းနေကြရပေပြီ။

သစ်ပင် သစ်တောများသည် သက်ရှိသတ္တဝါများအားလုံး ရှင်သန်ရပ်တည်ရေးတွင် အကျိုးပြုလျက်ရှိသည်။ သစ်ပင်များစိုက်ပျိုးထားခြင်းဖြင့် အရိပ်ခိုနားနေရသည်။ စားပင်သီးပင်များစိုက်ပျိုးထား၍ သစ်သီးဝလံများကို စားသုံးနိုင်ကြသည်။ သားငှက်တိရစ္ဆာန်များအတွက် အသိုက်အမြုံများကို ဖန်တီးပေးနိုင်သည်။ သစ်ပင်သစ်တောများသည် ကာဗွန်ဒိုင်အောက်ဆိုဒ်များကို စုပ်ယူနိုင်သည့်အတွက် သန့်ရှင်းလတ်ဆတ်သောလေကို လူတိုင်းရှူရှိုက်နိုင်ကြပေသည်။

သစ်တောရေးရာဝန်ကြီးဌာနက သစ်တောများကို စနစ်တကျထိန်းသိမ်းလျက်ရှိသည်။ **မိုးပေါ်ကရေ မြေပေါ်ကတော မိုးရေကိုငွေလိုစု ရွှေဥတဲ့တော** ဆောင်ပုဒ်နှင့်အညီ အခြားဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ဒေသအလိုက်သစ်တောများ၊ သဘာဝနယ်မြေများနှင့် ကျွန်းအထူးစိုက်ခင်းများကို ထူထောင်နေပြီ။ ဒေသခံပြည်သူများ အစုအဖွဲ့ပိုင် သစ်တောများ ထူထောင်ရန် သစ်ပင်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးနေကြပြီဖြစ်သည်။

မြန်မာတို့သည် သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးကြသူများပီပီ သီးပင်၊ စားပင်၊ အရိပ်ရပင်များကို အစဉ်တစိုက် စိုက်ပျိုးလျက်ရှိရာ မြို့ပြကျေးလက်တစ်ခွင် ပန်းမျိုးစုံတို့ ဖူးပွင့်နေကြပြီ။ **ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏** ဆောင်ပုဒ်နှင့်အညီ စားပင်၊ သီးပင်၊ အရိပ်ရလေကာပင်၊ အဖိုးတန်သစ်ပင်တို့ဖြင့် စိမ်းလန်းစိုပြည်ဝေဆာလျက်ရှိသည်။

မိုးရာသီတွင် ရာသီဥတုစွတ်စိုအေးမြပြီး သစ်ပင်များ ရှင်သန်ကြီးထွားလွယ်သောကြောင့် နိုင်ငံတစ်ဝန်း၌ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပနေကြပြီ။ ကံ့ကော်၊ ပိတောက်၊ ခရေ၊ ပုန်းညက်၊ စိန်ပန်း၊ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မဲဇလီ၊ မန်ကျည်း၊ သရက်၊ တမာ၊ ကုက္ကို၊ ပျဉ်းမ စသည်တို့ကို ဒေသအလိုက် စိုက်ပျိုးလျက်ရှိကြသည်။

ကျွန်းသစ်အပါအဝင် သစ်တောသစ်ပင်များသည် နိုင်ငံ့စီးပွားရေးအတွက် အားထားရသည်။ ရာသီဥတုညီညွတ်မျှတမှုနှင့် သားငှက်တိရစ္ဆာန် ဇီဝမျိုးစုံမျိုးကွဲ ဂေဟစနစ်များ တည်ငြိမ်မှုကို အကျိုးပြုနေသည်။ ပြည်သူများအားလုံးက နိုင်ငံတော်နှင့်အတူ စားပင်၊ သီးပင်၊ အရိပ်ရပင်၊ အဖိုးတန်သစ်ပင်များ နှစ်စဉ်တိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် **သစ်တော ထိန်းသိမ်း တောတွေစိမ်းမှ ချမ်းငြိမ်းပြည်ရွာ နိုင်ငံသာ၏** ဟူသည့် သစ်တောရေးရာ ဆောင်ပုဒ်နှင့်အညီ မြို့ပြပြည်ရွာတစ်ခွင် စိမ်းလန်းစိုပြည်လှပဝေဆာနေမည်ဖြစ်ပါသည်။ ॥

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၇)လမ်းနေ ဦးသန်းမောင် (ပုလဲဖြူထောပတ်ဆိုင်) မိသားစုက ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းခုနစ်သောင်းငါးထောင်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ဇွန် ၁၀ရက်က ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး အတွင်း မီးဘေးလုံခြုံရေးအတွက် ရေသိုလှောင်ထားရှိမှု၊ ရေစုပ်စက်များ ကြံ့ခိုင်မှု၊ မီးချိတ်၊ မီးကပ်များ၊ မီးသတ်ဆေးဘူးများထားရှိမှုနှင့် လျှပ်စစ်မီးသွယ်တန်းမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား	
✪	ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪	ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကျန်းမာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

HIV / AIDS ရောဂါဖြစ်ပွားနှုန်း ကျဆင်းသွားသည်ကို တွေ့မြင်ရ ဤလုပ်ငန်းများကို ဆက်လက်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်လိုအပ်

နေပြည်တော် ဇွန် ၁၂

ကျန်းမာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားရာ၌ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာပေါ်တွင် ကျောက်ရောဂါပပျောက်ရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်သကဲ့သို့ ပိုလီယိုရောဂါကင်းစင်သည့်နိုင်ငံအဖြစ်လည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် အနာကြီးရောဂါကင်းစင်သော နိုင်ငံအဖြစ်လည်း ကြေညာနိုင်ခဲ့သည့်အပြင် မကြာသေးမီကာလက ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေး မေးခိုင်ရောဂါလျှော့နည်းပပျောက်သောနိုင်ငံအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိအမှတ်ပြု ကြေညာနိုင်ခဲ့သဖြင့် ဤကဲ့သို့ အောင်မြင်မှုရရှိရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းအားလုံးနှင့် ပံ့ပိုးခဲ့ကြသည့် အာဏာပိုင်များနှင့် ပြည်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် HIV / AIDS ရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးအသွင်ဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိရာ အသက်အုပ်စု (၁၅)နှစ်မှ (၄၉)နှစ်အကြား HIV / AIDS ရောဂါဖြစ်ပွားမှုနှုန်း ၂၀၀၇ ခုနှစ်တွင် သုည ဒသမ ၆၇ ရာခိုင်နှုန်းရှိရာမှ ၂၀၀၉ ခုနှစ် တွင် သုည ဒသမ ၆၁ ရာခိုင်နှုန်းထိ ကျဆင်းသွားသည်ကို တွေ့မြင်ရကြောင်း၊ ဤလုပ်ငန်းများကိုလည်း ဆက်လက်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထောင်စုနှစ် ရည်မှန်းချက်များ ပြည့်မီရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မိခင်နှင့် ကလေးသေနှုန်းကျဆင်းရေးအတွက် သက်ဆိုင်ရာပြည်နယ်နှင့်တိုင်း အသီးသီးက အားဖြည့်ဆောင်ရွက်နေသည့် အခြေအနေများကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း အသီးသီးမှ တင်ပြရန်ဖြစ်ကြောင်း၊ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆေးပညာသင်ကြားရေးတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အရည်အသွေးပြည့်ဝသော ဆေးပညာရှင်များ ဖြစ်လာစေရေးနှင့် လူကောင်းလူတော်များ ဖြစ်လာစေရေးကို ဦးတည်ဆောင်ရွက်ရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းအဆင့် ပိုမိုမြင့်မားမှုရှိလာစေရန် သင်ကြားရေးအပိုင်းကဏ္ဍတွင် ကျောင်းသားများ လက်ခံနိုင်သည့် အခြေအနေမျိုး (User Friendly) ရှိအောင် စီစဉ်ထည့်သွင်း သင်ကြားကြရန် လိုအပ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ကုသရေးအပိုင်း၌ စာရင်းဇယား တိကျမှန်ကန်စွာ ထည့်သွင်းရေးမှတ် ဆောင်ရွက်သွားရန် အရေးကြီးကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးသုတေသန ဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)နှင့် ကျန်းမာရေးစီမံကိန်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြသည်။

ယင်းနောက် ပါမောက္ခချုပ်များ၊ ဗဟို၊ ပြည်နယ်နှင့်တိုင်းအဆင့် ဆေးရုံအုပ်ကြီးများက လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို တင်ပြကြပြီး ပြည်နယ်နှင့်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးများက ပြည်နယ်၊ တိုင်းအလိုက် ထောင်စုနှစ်ရည်မှန်းချက် (၄)နှင့် (၅)ဖြစ်သည့် မိခင်နှင့်ကလေးသေဆုံးမှုများ ကျဆင်းရေးအတွက် လက်ရှိအခြေအနေများနှင့် အားဖြည့်ဆောင်ရွက်ထားရှိမှုများ၊ ရှေ့လုပ်ငန်းစဉ်များကို စာရင်းဇယားများဖြင့် တင်ပြကြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင်၌ စာကြည့်တိုက်ပညာ ကတ်တလောက်ရေးသားနည်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး ကျောက်တံတားမြို့နယ်က ကြီးမှူး၍ စာကြည့်တိုက်ပညာ ကတ်တလောက်ရေးသားနည်း အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၈ ရက် မွန်းတည့် ၁၂ နာရီတွင် ခရိုင်ရုံးစာကြည့်တိုက်၌ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ လသာမြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာက ကတ်တလောက်ရေးသားနည်းပညာရပ်ကို လက်တွေ့သရုပ်ပြ၍ ပို့ချဆွေးနွေးခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်အနောက်ပိုင်းခရိုင် အတွင်းရှိ မြို့နယ်ရုံး ၁၃ ရုံးမှ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများအားလုံး တက်ရောက်ခဲ့ကြောင်းသိရသည်။

(ခရိုင်ပြန်/ဆက်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဈေးမီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

တာချီလိတ် ဇွန် ၁၂

တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ အဖွဲ့ပိုင်မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးများ၊ မီးသတ်ရေငုတ်များ၊ မီးသတ်ရေလှောင်ကန်များ စနစ်တကျဆောင်ရွက်ထားရှိမှုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စွာထွန်းတို့က ဇွန် ၉ ရက်တွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးကျော်သူက ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

☆ရှေ့ဖုံးမှ

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာနနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ PSC Company နှင့် Service Company များမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးက ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကို စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပထမဦးဆုံး ကိုယ်တိုင် Operator အဖြစ်ကြီးကြပ်ဆောင်ရွက်ရသဖြင့် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများသည် ၂၄ လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းလမ်းကြောင်းပြ နောက်ခံကားချပ်ရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဝန်ကြီးက မင်္ဂလာအချိန်တွင် ပိုက်လိုင်းထိန်း Golden Valve ရှိ လက်ကိုင်ဘီးအားလှည့်၍ ၂၄ လက်မ ကမ်းလွန်ပိုက်လိုင်းသစ်မှတစ်ဆင့် ရတနာကမ်းလွန်သဘာဝဓာတ်ငွေ့မြေမှ ရောက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ပြည်တွင်း၌ တိုးမြှင့်သုံးစွဲနိုင်ရန် စတင်ဖြန့်ဖြူးပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ပြည်တွင်းသုံးကမ်းလွန် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စတင်ပို့လွှတ်ခြင်း ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရွာမသဘာဝဓာတ်ငွေ့ ထိန်းချုပ်ရေးရုံးခန်း (Control Room) အတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူတစ်ဦးက စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ပိုက်လိုင်းထိန်း Golden Valve ရှိ လက်ကိုင်ဘီးအားလှည့်၍ ၂၄ လက်မ ကမ်းလွန်ပိုက်လိုင်းသစ်မှတစ်ဆင့် ရတနာကမ်းလွန်သဘာဝဓာတ်ငွေ့မြေမှ ရောက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ပြည်တွင်း၌ တိုးမြှင့်သုံးစွဲနိုင်ရန် စတင်ဖြန့်ဖြူးပေးစဉ်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၂၂)ထွက်ရှိ

ရန်ကုန် ဇွန် ၁၂

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊အမှတ်(၂၂)တွင် ဗို့အား ၄၄၀ ရှိ မီတာပုံးကို ဘက်ထရီအိုးဟောင်းထင်ကာ မရွှေ့သူနှစ်ဦး ဓာတ်လိုက်သေဆုံး၊ အိမ်ငှားအယောင်ဆောင်လင်မယား အိမ်ပွဲစားထံမှ ရွှေထည်များ အကြမ်းဖက်လုယက်၊ ရထားလမ်းဖြတ်ကူးသည့်ကားကို မြို့ပတ်ရထားက အရှိန်ပြင်းစွာဝင်တိုက်၊ တောင်ကိုရီးယားနိုင်ငံထုတ် အဆင့်မြင့်ဘတ်စ်ကားများ ပုဂ္ဂလိကကုမ္ပဏီတစ်ခုက တင်သွင်း၊ ကင်ဆာရောဂါ ကာကွယ်နိုင်သည့် ဆေးဖက်ဝင် မြေသစ်ခွမျိုးစိတ်တစ်မျိုး ချင်းပြည်နယ်တွင်တွေ့ရှိ၊ နိုင်ငံခြားသူနှစ်ဦးက ဈေးရောင်းနေသော အမျိုးသမီးနှစ်ဦးနှင့် ဈေးဝယ်သူများအား အကြောင်းမဲ့ရန်မူကာ အသက်အန္တရာယ်ရှိစေနိုင်သည့် ကိုယ်ထိလက်ရောက်မှုကျူးလွန်၊ ငွေကြေးပြည့်စုံသူလူငယ်ထုအကြား စိတ်ကြွဆေးသုံးစွဲမှုမြင့်မားလာ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ဆရာဘုန်းလူလှရေးသော နိုင်ငံရေးမိတ်ဆက် နိုင်ငံရေးသဘောတရားများ၊ ဦးကြည်ဝင်း(ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်အဖွဲ့ချုပ်)နှင့် တွေ့ဆုံခြင်း၊ ချင်းတို့၏ရိုးရာအစားအစာ 'ဆာဗူးသီး' Myanmar DISCOVERY၊ သတိတစ်ချက်အလစ် ငွေတစ်သိန်းဆုံးရှုံးခဲ့ရသူအဖြစ်၊ ကိုလိုနီခေတ်ကလို မဲပေးမမှားဖို့ သင်ခန်းစာယူကြစို့ကဲ့သို့သော ဖတ်စရာမှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

စင်ကာပူတွင် နိုင်ငံခြားသားများ အမြဲတမ်းအခြေချနေထိုင်ခွင့်နှင့် နိုင်ငံသားဖြစ်ခွင့်ရရှိရေး မည်သည့်အရာများ လိုအပ်သနည်း၊ အမေရိကန်၏ မောင်းသူမဲ့လေယာဉ်များ ပိုမိုအသုံးပြုတိုက်ခိုက်လာခြင်းက ဗီဒီယိုဂိမ်းကစားသည့် စိတ်နေစိတ်ထားအတိုင်း ပြုကျင့်လာစေဖွယ်ရှိ၊ တောင်ကိုရီးယားသမ္မတက မြောက်ကိုရီးယားကို ရန်စစော်ကားခြင်းများ ရပ်တန့်ရန်သတိပေး၊ သစ်တောများပြုန်းတီးမှုမှ ကာကွယ်ရေး အကူအညီပေးကြပါစို့၊ တိုင်းမ်မဂ္ဂဇင်းမှ ကောက်နုတ်ဖော်ပြထားသော တီထွင်ဖန်တီးမှုအဆိုးရွားဆုံး နည်းပညာများ၊ နီပေါလူမျိုးတစ်ဦး ဘဏ္ဍာစိုးဘဝမှ မီလျံနာဖြစ်လာခဲ့၊ အထူးတာဝန်အဖွဲ့က အင်္ဂါဂြိုဟ်နှင့်ပတ်သက်သည့်အတွေ့အကြုံများအား ကမ္ဘာမြေပေါ်တွင် အသွင်တုဖန်တီး၍ လေ့ကျင့်ရန်ကြိုးစား စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးသိန်းထွန်း ကွန်ပျူတာများ ပေးအပ်လှူဒါန်းသည့်အခမ်းအနား တက်ရောက်

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းထွန်း မြန်မာ POSCO Engineering & Construction က ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းသို့ ကွန်ပျူတာ ၁၂၅ လုံး ပေးအပ်လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်စဉ်။ (ဆက်သွယ်ရေး)

နေပြည်တော် ဇွန် ၁၂

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းထွန်းသည် ဇွန် ၁၁ ရက်တွင် ရန်ကုန်မြို့ရှိ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းကျောင်းရှိ ကွန်ပျူတာစာသင်ခန်းတို့၌ သင်ကြားပို့ချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းသို့ ကိုရီးယားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (ကိုအီကာ)၏ အစီအစဉ်ဖြင့် မြန်မာ POSCO Engineering & Construction က ကွန်ပျူတာ၁၂၅ လုံး ပေးအပ်လှူဒါန်းသည့်အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြား၍ မြန်မာ POSCO Engineering & Construction ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ Mr.Kim Chang Kyu၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီး Mr.Yun Kang Hyeon နှင့် ကိုရီးယားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) ဌာနေကိုယ်စားလှယ် Ms. Kim Jin Hwa တို့က အမှာစကား ပြောကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀ - ၂၀၁၁ ပညာသင်နှစ်တွင် ဒေါက်တာဦးစိန်တင် (ညွှန်ချုပ်-ငြိမ်း) ဇနီး ဒေါ်ညွန့်ညွန့်ရွှေတို့က တစ်ကျောင်းလုံးအတွက်ဗလာစာအုပ်နှင့် စာရေးကိရိယာများအား ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

SAMSUNG Electronics Mid Year 2010 Promotion ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၂

Samsung ၏ 2010 Mid Year Promotion ပွဲကို ဇွန် ၁၀ရက်တွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ AA Electronics Ltd. မန်နေဂျင်းဒါရိုက်တာဦးသန်းဝင်းအောင်**(အောက်ပုံ)**က Mid Year Promotion ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားရာတွင် ကမ္ဘာ့ဖလားဘောလုံးပွဲအမီ ဘောလုံးချစ်ပရိသတ်အတွက် Samsung ၏ LED, LCD, Plasma, CRTV တို့ကို အဓိကရောင်းချပြီး ဈေးနှုန်းကိုလည်း အထူး သက်သာအောင် စီစဉ်ပေးထားကြောင်း၊ Samsung Plasma သည် Other brands Plasma များထက် မီးအားအထူးသက်သာကြောင်း၊ ဈေးနှုန်းလည်းအထူးသက်သာကြောင်း၊ ရုပ်ထွက်ပိုင်းတွင်လည်း ပိုမိုကောင်းမွန်ကြောင်း၊ လက်မ ၅၀ နှင့် ၄၂ လက်မ ဆိုဒ်နှစ်မျိုးရှိကြောင်း၊ ၄၂ လက်မတွင် Model နှစ်မျိုးရှိကြောင်း၊ ပါးလွှာသော Body, Auto Voltage,USB, 3HDMI Function များ၊ 3 HDMI Function များ ပါဝင်ကြောင်း၊ အသားတင် ရောင်းအားမှာ ၂၀၀၈ခုနှစ်တွင် USD ၉၆ ဒသမ ၅ ဘီလီယံရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နယ် Dealer များ၊ ရန်ကုန် Dealer များ တက်ရောက်ခဲ့ပြီး Dealer များ ပျော်ရွှင်စေရန်အတွက် Bonous များ၊ Lucky Draw များ၊ မတင်မိုးလွင် ဦးစီးသည့် Talents Model Agency မှ Model လေးများကလည်း အကများဖြင့် ပျော်ရွှင်စွာ ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံး ပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှ အပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ ခုနှစ် ဇွန်လအတွက်
(၁၃-၆-၂၀၁၀) ရက်နေ့
နှင့်
(၂၇-၆-၂၀၁၀) ရက်နေ့

ပြိုတိသျှအလံလွှင့်ထူထားသောသင်္ဘောကို ဆိုမာလီပင်လယ်ဓားပြများ ပြန်လွှတ်

မိုဂါဒစ်ရှူး ဇွန် ၁၂

လွန်ခဲ့သော ခြောက်လကျော်က သင်္ဘောသား ၂၅ ဦး စီးနင်းလိုက်ပါလာသည့် ဗြိတိသျှအလံ လွှင့်ထူထားသော သင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများက ဖမ်းဆီးထားခဲ့ရာမှ ပြန်လည် လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ဘူလ်ဂေးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက စနေနေ့တွင် ပြောကြားသည်။

အဆိုပါသင်္ဘောကို ဇန်နဝါရီ ၁ ရက်က ဆိုမာလီမြစ်ဝှမ်းတွင် ဆိုမာလီပင်လယ်ဓားပြများက ဖမ်းဆီးထားခဲ့သည်။ တန်ချိန် ၄၅၀၀၀ ရှိပြီး ကားများတင်သောသင်္ဘောဖြစ်သည်။ အာရှုဂလိုရီ အမည်ရှိ အဆိုပါ သင်္ဘောပေါ်ပါ သင်္ဘောသား ၂၅ ဦးမှာ ယူကရိန်း၊ ဘူလ်ဂေးရီးယား၊ အိန္ဒိယနှင့် ရိုမေးနီးယားနိုင်ငံတို့မှ ဖြစ်ကြသည်။

ယင်းသင်္ဘော ပြန်လည်လွတ်မြောက်ရန် ဆိုမာလီဓားပြများ တောင်းခံသော ပြန်ပေးရွေးငွေကို ပေးပြီးနောက်မှ ပြန်လွှတ်ပေးလိုက်ကြောင်း ပြောကြားသော်လည်း အသေးစိတ်အချက်အလက်များကိုမူ ဘူလ်ဂေးရီးယားအစိုးရက ပြောကြားရန် ငြင်းဆိုကြောင်း ဥရောပသမဂ္ဂရေတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မက္ကဆီကိုနိုင်ငံ၌ ဝိုင်းအိုင်းစ်ဒ်အက်ဘီ ဆန်ဒါးလန်းနှင့် ၎င်း၏ရွက်လှေအား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရွက်လှေဖြင့် ကမ္ဘာပတ်ရန် ကြိုးပမ်းသူ အမျိုးသမီးငယ်အား အိန္ဒိယသမုဒ္ဒရာအတွင်း ပြင်သစ်ငါးဖမ်းသင်္ဘောက ကယ်တင်

ပေကျင်း ဇွန် ၁၂

ရွက်လှေဖြင့် ကမ္ဘာပတ်ရန် ကြိုးပမ်းနေသော ၁၆ နှစ်အရွယ် ကယ်လီဖိုးနီးယားသူ မိန်းကလေးတစ်ဦး အဆက်အသွယ် ပြတ်တောက်ခဲ့သဖြင့် ပြင်သစ်ငါးဖမ်းသင်္ဘောတစ်စင်းက အိန္ဒိယသမုဒ္ဒရာအတွင်းမှ ကယ်ဆယ်ခဲ့ကြောင်း စနေနေ့တွင် သတင်းများက ဖော်ပြသည်။

အက်ဘီဆန်ဒါးလန်းသည် ကြာသပတေးနေ့က ဂြိုဟ်တုဆက်သွယ်ရေးစနစ် ပြတ်တောက်ခဲ့ပြီး ၎င်းရွက်လှေသည် ကြမ်းတမ်းသော လှိုင်းကြီးများဖြင့် ရင်ဆိုင်ရကာ ဆက်သွယ်ရေးပစ္စည်းကိရိယာများ ပျက်စီးခဲ့ပြီးနောက် ဘေးအန္တရာယ်ကျရောက်မှု အကူအညီတောင်းခံခဲ့ကြောင်း ဖော်ပြခဲ့သည်။

ဩစတြေးလျ ကမ်းရိုးတန်းရေပြင် ရေမိုင် ၂၀၀၀ ခန့်အကွာ၌ ပြင်သစ်ငါးဖမ်းသင်္ဘောတစ်စင်းက ၎င်းအား ပင်လယ်ပြင်မှ ကယ်တင်ခဲ့ကြောင်း ရေကြောင်းအာဏာပိုင်များက ပြောကြားသည်။

ဇန်နဝါရီလက ကယ်လီဖိုးနီးယားမှ စတင်ရွက်လွှင့်ခဲ့သူ ဆန်ဒါးလန်းသည် အစ်ကိုဖြစ်သူ၏စံချိန်ကို ကျော်ဖြတ်ရန် ကြိုးစားခဲ့သည်။ ၎င်း၏အစ်ကိုသည် ၂၀၀၉ ခုနှစ်တွင် ရေကြောင်းခရီးဖြင့် ကမ္ဘာပတ်ခဲ့ပြီး (၁၈)နှစ်အောက်အရွယ် ပထမဆုံးရေကြောင်းခရီးဖြင့် ကမ္ဘာပတ်သူအဖြစ် စံချိန်တင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကျူးဘားတွင် ရထားချင်းတိုက်မိ၍ ၂၂ ဦး ဒဏ်ရာရ

ဟာဗားနား ဇွန် ၁၂

ကျူးဘားနိုင်ငံအလယ်ပိုင်းတွင် ရထားနှစ်စီး တိုက်မိမှုကြောင့် လူ ၂၂ ဦး ထက်မနည်း ဒဏ်ရာရရှိသွားကြောင်း သက်ဆိုင်ရာက သောကြာနေ့တွင် ပြောကြားသည်။

အဆိုပါဖြစ်ရပ်သည် ဗုဒ္ဓဟူးနေ့ညပိုင်းက ဖြစ်ပွားကြောင်း ခရီးသည်တင်ရထားတစ်စီးနှင့် ကုန်ရထားတစ်စီးတို့ အမှတ်မထင် တိုက်မိကြခြင်းဖြစ်ကြောင်း၊ ကျူးဘားနိုင်ငံအလယ်ပိုင်းရှိ ဗယ်လ်လာကလယ်ရာပြည်နယ်၌ ဖြစ်ပွားကြောင်း မီးရထားလုပ်ငန်းမှ ညွှန်ကြားရေးမှူး ယူနီယာအယ်လ်ဖွန်ဆိုရှ်ဇ်က သတင်းထောက်များကို ပြောကြားသည်။

ရထားနှစ်စီးတိုက်မှုကြောင့် ဒဏ်ရာရရှိသူများမှာ အပေါ်ယံဒဏ်ရာများသာဖြစ်ပြီး ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူတစ်ဦးတည်းသာ ကျန်ရှိတော့ကြောင်း ဆိုရှ်ဇ်က ပြောကြားသည်။ ကုန်ရထားမှ တွဲသုံးတွဲ ပျက်စီးသွားကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆိုမာလီပင်လယ်ဓားပြများပြန်လွှတ်ပေးခဲ့သော ကုန်တင်သင်္ဘောအား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရေလွှမ်းမိုးမှုဖြစ်ပွား

အမေရိကန်နိုင်ငံ အာကင်ဆောပြည်နယ်အနောက်ပိုင်း အပန်းဖြေစခန်း၌ ရေလွှမ်းမိုးမှုဖြစ်ပွားနေသည် ကို ဇွန် ၁၁ ရက်က တွေ့ရစဉ်။ *(အဆိုပါ ရေလွှမ်းမိုးမှုကြောင့် လူ ၂၀ သေဆုံးပြီး ခုနစ်ဦး ပျောက်ဆုံးခဲ့သည်။)* **(ဓာတ်ပုံ-အင်တာနက်)**

ပါကစ္စတန်နိုင်ငံ ကွတ်တားမြို့တွင် သုံးနှစ်အတွင်း လူ ၇၉၂ ဦး သေဆုံး

ကွတ်တား ဇွန် ၁၂

ပါကစ္စတန်နိုင်ငံ ကွတ်တားမြို့တွင် လွန်ခဲ့သော သုံးနှစ်ခန့်ကတည်းကစ၍ ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၂၄၁ ဦး သေဆုံးကြောင်း အသစ်ထွက်ပေါ်လာသော အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

သေဆုံး

ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်ရှိ ကွတ်တားမြို့တွင် အကြမ်းဖက်မှုနှင့် ပတ်သက်ဆက်နွှယ်သော ဖြစ်ရပ်များကြောင့် သုံးနှစ်အတွင်းလူ ၇၉၂ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အစီရင်ခံစာတွင် ပါရှိသည်။

ဒေသဆိုင်ရာမှ အဖွဲ့အစည်းများ၏ နှစ်စဉ် ထုတ်ပြန်သော စာရင်းဇယားများအရ တည်ငြိမ်မှုမရှိသော ကွတ်တားမြို့ရှိ အိမ်ထောင်စုပေါင်း ၃၅၀၀၀ နီးပါးသည် ပြည်နယ်၏ အခြားနေရာဒေသများသို့ ထွက်ပြေးတိမ်းရှောင်သွားကြရကြောင်း ပရက်စ်တီဗွီသတင်းထောက်က သောကြာနေ့တွင် ဖော်ပြသည်။

သုံးနှစ်တာကာလအတွင်း ရဲတပ်ဖွဲ့ဝင်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၂၄၁ ဦး သေဆုံး၍ ဆရာ၊ ဆရာမ ၁၄ ဦး သေဆုံးခဲ့သည်။ ကျန်အရေအတွက်မှာ သာမန်အရပ်သားများ ဖြစ်ကြသည်။

ဘလူချီစတန်ပြည်နယ်သည် စစ်ကြောင့် ဒုက္ခရောက်နေသော အာဖဂန်နစ္စတန်နယ်စပ်တွင် ရှိနေသဖြင့် အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်ပြီး နောက်ပိုင်း တာလီဘန်စစ်သွေးကြွများက နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ယူရေနီယံ သန့်စင်စက်ရုံသစ် အီရန်တည်ဆောက်မည်

တီဟီရန် ဇွန် ၁၂

အီရန်နိုင်ငံ၏ ယူရေနီယံသန့်စင်စက်ရုံသစ်ကို လာမည့်နှစ် မတ်လတွင် စတင်ဆောက်လုပ်မည်ဖြစ်ကြောင်း အီရန်နျူကလီးယားအစီအစဉ် အကြီးအကဲ အလီအက္ကဘာဆာလီဟီက အတည်ပြုပြောကြားသည်ဟု စနေနေ့သတင်းများတွင် ဖော်ပြသည်။

အီရန်အစိုးရသည် နျူကလီးယား စွမ်းအင် ထုတ်လုပ်ရေးစက်ရုံများအတွက် လောင်စာထုတ်လုပ်ပေးနိုင်မည့် ယူရေနီယံသန့်စင်ရေးစက်ရုံ ၁၀ ရုံ တည်ဆောက်ရေးစီမံချက်ကို လက်ခံသဘောတူညီထားပြီး ဖြစ်သည်။

အီရန်၏ လက်ရှိ နျူကလီးယား နည်းပညာသည် နျူကလီးယားလက်နက်များ ထုတ်လုပ်လာနိုင်သည်အထိ ဦးတည်နေမှုကို အမေရိကန်နိုင်ငံနှင့် အခြားနိုင်ငံအချို့က စိုးရိမ်လျက်ရှိသည်။ သို့ရာတွင် နျူကလီးယားလက်နက် ထုတ်လုပ်ရန် ရည်ရွယ်ချက်မရှိကြောင်း အီရန်က ငြင်းဆိုခဲ့သည်။

အင်တာနက်။

အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် ခရီးသည်တင်ရထား ဗုံးထိမှန်သော်လည်း လမ်းချော်မှုမှလွတ်မြောက်

မွမ်ဘိုင်း ဇွန် ၁၂

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ်တွင် စနေနေ့က ခရီးသည်တင်ရထားတစ်စီးသည် ရထားလမ်းပိုင်းတစ်နေရာ၌ လက်လုပ်ဗုံးဖြင့် တိုက်ခိုက်ခံရကြောင်း၊ သို့ရာတွင် ရထားများ လမ်းချော်တိမ်းမှောက်မှုမှ ပွတ်ကာသီကာ လွတ်မြောက်ခဲ့ကြောင်း ဒေသခံသတင်းများတွင် ဖော်ပြသည်။

ဗုံးပေါက်ကွဲသော်လည်း ဒဏ်ရာရရှိခြင်း သို့မဟုတ် သေဆုံးခြင်းမရှိကြောင်း၊ ဗုံးပေါက်ကွဲရာနေရာသည် ဗီလူပရမ်ဒေသအနီးတွင် ဖြစ်ပွားကြောင်း သတင်းတွင် ပါရှိသည်။

ဗုံးဖောက်ခွဲမှုကို တမီလ်ကျားသူပုန်များက နောက်ကွယ်မှ ကြိုးကိုင်ခြင်းဖြစ်ကြောင်း လုံခြုံရေးတပ်ဖွဲ့များက ယူဆထားကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်စစ်သွေးကြွခေါင်းဆောင်များကို အကြမ်းဖက်သမားစာရင်းမှ ပယ်ဖျက်ရေး ကုလသမဂ္ဂကော်မတီတစ်ရပ် လေ့လာသုံးသပ်မည်

ကဘူး ဇွန် ၁၂

အာဖဂန်စစ်သွေးကြွခေါင်းဆောင်များကို အကြမ်းဖက်သမားစာရင်းထဲမှ ဖယ်ထုတ်နိုင်ရေးကို လေ့လာသုံးသပ်ရန် ကုလသမဂ္ဂကော်မတီတစ်ရပ်သည် ယခုလအတွင်း အာဖဂန်နစ္စတန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း အာဖဂန်နစ္စတန်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က စနေနေ့တွင် ပြောကြားသည်။

စီစဉ်

ယခုလအတွင်း ကျင်းပခဲ့သော အာဖဂန်နစ္စတန် အမျိုးသားငြိမ်းချမ်းရေး ဆွေးနွေးပွဲအပြီးတွင် ကုလသမဂ္ဂကော်မတီ၏ ခရီးစဉ်ကို စီစဉ်ခဲ့ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန် အမျိုးသားငြိမ်းချမ်းရေး ဆွေးနွေးပွဲ၏ ရလဒ်များအဖြစ် အာဖဂန်စစ်သွေးကြွ ခေါင်းဆောင်များကို အကြမ်းဖက်သမားစာရင်းမှ ပယ်ဖျက်ရန် တောင်းဆိုမှုအပါအဝင် ဆုံးဖြတ်ချက် ၁၆ ရပ် ပေါ်ထွက်ခဲ့သည်။

တာလီဘန်ခေါင်းဆောင် မူလာမိုဟာမက် အိုမာ အပါအဝင် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုအပြီးတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အကြမ်းဖက်သမားများအဖြစ် စာရင်းသွင်းခဲ့သော စစ်သွေးကြွခေါင်းဆောင်များ၏ နာမည်များကို စာရင်းမှ ပယ်ဖျက်ပေးရန် အာဖဂန်အစိုးရအား ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်လာသော ကိုယ်စားလှယ်များက တိုက်တွန်းခဲ့သည်။

စစ်သွေးကြွ ခေါင်းဆောင်များကို အကြမ်းဖက်သမားစာရင်းမှ ပယ်ဖျက်ရေးသည် အာဖဂန်နစ္စတန်နိုင်ငံ၏ အရေးကြီးသောကာလနှင့် ဆက်စပ်နေသည်ဖြစ်ရာ အချိန်ယူ၍ လုပ်ဆောင်ရမည်ဖြစ်ကြောင်း အာဖဂန်နစ္စတန်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်က ပြောကြားသည်။

အင်တာနက်။

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း အဆောက်အအုံ၊ လမ်း၊ တံတားများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၁၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) တို့ ပူးပေါင်းဆောင်ရွက်သည့် လှည်းကူးမြို့နယ် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း အဆောက်အအုံ၊ လမ်း၊ တံတားများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၈ နာရီတွင် စီမံကိန်းတည်ရှိရာ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် စခန်းကြီးကျေးရွာ ကျေးရွာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ မြန်မာနိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Cho Byung Jae၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဌာနများနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ KOICA ဌာနေကိုယ်စားလှယ် Ms.Kim Jin Hwa၊ KOICA မှ စီမံကိန်းမန်နေဂျာ Mr. SUH Chong-Hyuk နှင့် တာဝန်ရှိသူများ၊ စီမံကိန်းဧရိယာရှိ တောင်သူလယ်သမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးဌေးဦးက အမှာစကားပြောကြားရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးဟူသော ရည်မှန်းချက်သည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးမြင့်မားလာစေရေး အတွက် ဖြစ်ကြောင်း၊ ရည်မှန်းချက်ပေါက်မြောက်အောင်မြင်အောင် ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် နည်းပညာများ၊ စီမံကိန်းအကောင်အထည်ဖော်မှုလုပ်ငန်းများကို ကူညီပေးသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Cho Byung Jae က အမှာစကားပြောကြားပြီး KOICA မှ စီမံကိန်းမန်နေဂျာ Mr. SUH Chong-Hyuk က စီမံကိန်းဆိုင်ရာ အချက်အလက်များ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ KOICA ဌာနေကိုယ်စားလှယ် Ms. Kim Jin Hwa က စီမံကိန်းအတွက် ဆောက်လုပ်ထားသော စာသင်ကျောင်း တစ်ကျောင်း၊ ကျေးရွာခန်းမ သုံးခု၊ လမ်း၊ တံတားများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် သံအမတ်ကြီးတို့က စီမံကိန်းဝင် စခန်းကြီး ကျေးရွာ စာသင်ကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စာသင်ခန်းများအတွင်း လှည့်လည်ကြည့်ရှုကြကာ ကျေးရွာလမ်းနှင့် ငမိုးရိပ်ချောင်းကူးတံတားတို့ကို ဖြတ်သန်းကြည့်ရှုကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ မြန်မာနိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ကော်မတီဥက္ကဋ္ဌ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Cho Byung Jae တို့ လှည်းကူးမြို့နယ် စခန်းကြီးကျေးရွာ စာသင်ကျောင်းဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)တို့ ပူးပေါင်းဆောင်ရွက်သည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှာ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် စခန်းကြီးကျေးရွာ၊ ကျောက်ကဒင်ကျေးရွာနှင့် ခနောင်ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသော စီမံကိန်းဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍတွင် အော်ဂဲနစ်သီးနှံ စိုက်ပျိုးထုတ်လုပ်ရေး၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲအသုံးပြုရေး၊ တစ်နိုင်တစ်ပိုင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီး မွေးမြူရေးကဏ္ဍတွင်လည်း စံပြကြက်၊ ဝက် မွေးမြူရေးစခန်းများ ထူထောင်ပေးကာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နေပြည်သူများ ပညာသင်ကြားမှု အထောက်အကူပြုသည့် စာသင်ကျောင်း၊ ကျောင်းသုံး စာအုပ်၊ စာရေးကိရိယာများ၊ ကျောင်းသုံးပရိဘောဂများ ထောက်ပံ့ပေး၍ ဝန်ထမ်းများ၊ တောင်သူများအား ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်အောင် သင်တန်းပေးသွားမည်ဖြစ်သည်။ ထို့အပြင် ကျန်းမာရေးအတွက် ကျေးရွာခန်းမ၊ ဆေးခန်းများ ဆောက်လုပ်ပေးပြီး သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်ဖန်တီးပေးခြင်းတို့ ဆောင်ရွက်မည့်အပြင် ရေရှည်အကျိုးအတွက် ကျေးရွာပိုင် အသေးစားငွေချေးလုပ်ငန်းကို စနစ်ကျပြီး ရေရှည်တည်တံ့ခိုင်မာသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများချမှတ်၍ ကျေးလက်နေပြည်သူများ လိုအပ်သည့် အရင်းအနှီးများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် အတိုးနှုန်း သက်သာစွာ ချေးယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသည့်အတွက် စီမံကိန်းဝင်ကျေးရွာများမှ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်လာမည်ဖြစ်ကြောင်းနှင့် ယခုစီမံကိန်းဆိုင်ရာ အဆောက်အအုံဖြစ်သည့် စာသင်ကျောင်း တစ်ကျောင်း၊ ကျေးရွာခန်းမ သုံးခု၊ လမ်း၊ တံတားများ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မီးသတ်ဦးစီးဌာနသို့ ဂျပန်နိုင်ငံအစိုးရနှင့် JICA တို့က ဓာတုဗေဒ မီးကာဝတ်စုံနှင့် အသက်ရှူကိရိယာများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသို့ ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICA)တို့က ဓာတုဗေဒမီးကာဝတ်စုံ သုံးစုံနှင့် အသက်ရှူကိရိယာ အစုံ ၅၀ တို့အား ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ JICA Myanmar Office မှ ဌာနေကိုယ်စားလှယ် Mr. Hideo MIYAMOTO က ဓာတုဗေဒ မီးကာဝတ်စုံနှင့် အသက်ရှူကိရိယာများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လှူဒါန်းသောပစ္စည်းများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေထံ ပေးအပ်ရာ ဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယခုလှူဒါန်းသော ဓာတုဗေဒ မီးကာဝတ်စုံ (Chemical Fires Suits)သုံးစုံနှင့် အသက်ရှူကိရိယာ (Breathing Apparatus Sets) အစုံ ၅၀ တို့၏ စုစုပေါင်း တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၅၀၀၀ ရှိကြောင်းနှင့် မီးသတ်ဦးစီးဌာနအနေဖြင့် အဆိုပါ ကိရိယာများကို မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်ဆယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စေရေးအတွက် ဖြည့်တင်း အသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်မိသားစုများ၏ သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေနှင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) သီတာခန်းမ၌ ကျင်းပရာ ဝန်ကြီး ဦးမောင်မောင်ဆွေက ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီး၏ဇနီး ဒေါ်တင်တင်နွဲ့က ပညာသင်ထောက်ပံ့အလှူငွေကျပ် နှစ်သိန်း၊ စာရေးကိရိယာနှင့် ကျောင်းသုံးဝတ်စုံများ၊ မီးသတ်ဦးစီးဌာနမှ ဦးမြင့်ထွန်းက ငွေကျပ် နှစ်သိန်း၊ ဒေါ်အေးအေးထူး (K Best Net) က ငွေကျပ် သုံးသိန်း၊ ဒေါက်တာကောင်းကျော်ဆွေက ငွေကျပ် နှစ်သိန်း၊ အလှူရှင် ၁၆ ဦးတို့၏ ပညာရေးငွေပဒေသာပင်အတွက် ငွေကျပ် ၆၅ သိန်းကို အလှူရှင်များကိုယ်စား သီရိသုဓမ္မဇာဗောဓိတရေ ဒေါက်တာ ဦးစိုးသိန်းက ပေးအပ်လှူဒါန်းရာ မီးသတ်ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်က လက်ခံသည်။

ထို့နောက် အခြေခံပညာ အထက်တန်းတွင် ဂုဏ်ထူးရရှိခဲ့သူ ခြောက်ဦးအား ဝန်ကြီးနှင့် ဇနီးတို့က ပညာသင်ထောက်ပံ့ငွေနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် မီးသတ်ဦးစီးဌာနမှ ဦးမြင့်ထွန်းနှင့် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်တို့က တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်ထောက်ပံ့ငွေ၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို ဌာနခွဲများရှိ တပ်ဖွဲ့ဝင် သားသမီးများအား ပေးအပ်ကြသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်မိသားစု၏ သား သမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ် အတွက် ပညာသင်ထောက်ပံ့ငွေနှင့် ကျောင်းအသုံး အဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၆-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း+မင်္ဂလသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "စိတ်စင်ကြယ်မှချမ်းသာမယ်" တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ ဗီဒီယိုပြခန်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၅)**
- ၈း၃၀ Sports World (Sunday Special)
- ၈း၅၅ အမှောင်ကိုခွင်းသောအင်အားများ
- ၉း၂၅ ဦးနှောက်အာဟာရဖွံ့ဖြိုးဖို့ နှလုံးလှစာကြည့်တိုက်မှာ ဖတ်ကြစို့
- ၉း၃၅ Global Panorama
- ၁၀း၄၅ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)သက်ကြီးဂီတပညာရှင်များ ပူဇော်ပွဲ
- ၁၁း၂၀ ရွှေလာငွေလာသုံးရောင်ခြယ်မာလကာ
- ၁၁း၄၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၆)
- ၁၂း၀၅ ကန္ဒရဝတီ၏ ယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာဆီသို့
- ၁၂း၂၅ အမှောင်ကိုခွင်းသော အင်အားများ
- ၁း၀၀ "စိတ်စင်ကြယ်မှချမ်းသာမယ်" တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ စကားနပန်း (Heart ထိတာကောင်းတယ်၊ Heart မထိတာကောင်းတယ်)
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၅)**
- ၄း၁၅ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)သက်ကြီးဂီတပညာရှင်များ ပူဇော်ပွဲ
- ၄း၅၅ Global Panorama
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၅၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ရီတာစိုးဝင်း)
- ၇း၁၅ ဗီဒီယိုပြခန်း
- ၇း၃၀ FMF Selection
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (Heart ထိတာကောင်းတယ်၊ Heart မထိတာကောင်းတယ်)
- ၉း၃၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၅)**
- ၁၀း၀၀ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
- ၁၀း၅၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၆)
- ၁၁း၁၅ ဦးနှောက်အာဟာရဖွံ့ဖြိုးဖို့ နှလုံးလှစာကြည့်တိုက်မှာ ဖတ်ကြစို့
- ၁၁း၂၀ ရွှေလာငွေလာသုံးရောင်ခြယ်မာလကာ
- ၁၁း၄၅ သူဌေးချောင်း၏ရေအလျဉ်. . . လျှပ်စစ်စွမ်းအားဂုဏ်အသွင်
- ၁၂း၀၀ ကွက်လပ်ဖြည့်ပါ (ထွန်းထွန်း၊ ရဲလေး၊ သက်အောင်၊ ဖြိုးမောင်မောင်၊ မိုးပြည့်ပြည့်မောင်၊ သဇင်၊ ဒေါ်တင်တင်လှ) [ဒါရိုက်တာ-သိန်းဟန် (ဖီးနစ်)]
- ၁၂း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လူငယ်အများသွေးသန့်စင် အသက်ကယ်ကြစို့ ကမ္ဘာတစ်ခွင်

ဒေါက်တာသီတာအောင်
(အမျိုးသားသွေးဌာန)

ကမ္ဘာ့နိုင်ငံအားလုံးတွင် ခေတ်မီသော ဆေးကုသစနစ်များ တိုးတက်ဖြစ်ထွန်းလာခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းတို့ကြောင့် ဆေးကုသရာတွင် အသုံးပြုရသော သွေးလိုအပ်မှုပမာဏမှာ ပိုမိုများပြားလာပါသည်။ အရှေ့တောင်အာရှဒေသတွင် နှစ်စက္ကန့်တိုင်း၌ လူတစ်ဦးကျ သွေးသွင်းကုသရန် လိုအပ်နေ၍ သွေးလှူဒါန်းမှု နေ့စဉ်(၃၈၀၀၀)ကျော်မျှ လိုအပ်လျက်ရှိပါသည်။

၂၀၀၅ခုနှစ်တွင် အရှေ့တောင်အာရှဒေသတွင်း၌ သွေးပုလင်းပေါင်း ၉ ဒသမ ၅ သန်းခန့် စုဆောင်းခဲ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်သော သတင်းအချက်အလက်များအရ သိရှိရပါသည်။

ပညာရှင်များက လူသားများအားလုံးသည် မိမိတို့သွေးကို လှူဒါန်းရန်လိုအပ်ကြောင်း သတိမပြုမိ၍သာ သွေးလှူဒါန်းမှုမပြုကြခြင်းဖြစ်ကြောင်း သုံးသပ်ကြပါသည်။

ထို့ကြောင့် ယခုနှစ်တွင် သွေးလှူဒါန်းနိုင်သည့် လူငယ်များ၏ ပူးပေါင်းပါဝင်မှုကို တိုက်တွန်းပေးသော အစီအစဉ်များ၊ လှုပ်ရှားမှုများကို ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် အင်တိုက်အားတိုက် ဆောင်ရွက်ကြရန် ဆုံးဖြတ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အသက် (၁၈) နှစ်မှ (၆၀) နှစ်အတွင်း လှူဒါန်းနေသော သွေးလှူသူများအနက်မှ (၁၈) နှစ်မှ (၂၉) နှစ်အတွင်းရှိလူငယ်များ ပါဝင်လှူဒါန်းမှုမှာ အမျိုးအစားအလိုက် နှစ်စဉ်တိုးတက်လာကြောင်း အစီရင်ခံစာ မှတ်တမ်းများအရ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

စဉ်	အမျိုးအစား	၂၀၀၅	၂၀၀၆	၂၀၀၇	၂၀၀၈	၂၀၀၉
၁	စုပေါင်းသွေးလှူခြင်း	၄၈%	၅၄%	၅၇%	၆၀%	၆၁%
၂	စေတနာအလျောက် သွေးလှူခြင်း	၄၇%	၅၂%	၅၆%	၅၈%	၆၀%
၃	အရေးပေါ်သွေးလှူခြင်း	၅၁%	၅၄%	၆၂%	၆၅%	၆၇%
၄	ပထမအကြိမ်သွေးလှူခြင်း	၆၆%	၆၇%	၆၉%	၇၀%	၇၂%
၅	ပြန်လည်သွေးလှူခြင်း	၃၃%	၄၀%	၄၆%	၅၁%	၅၃%

သွေးလှူဒါန်းနေသူများလည်း သူတစ်ပါးကို ကူညီလိုသည့်ဆန္ဒကြောင့်သာ သွေးလှူနေကြခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

မိမိတို့ သွေးတစ်စက်သည် အမှန်တကယ် သွေးလိုအပ်နေသူ လူနာများအတွက် အသက်ကယ်လိုက်နိုင်ကြောင်း သတိပြုမိပါက စေတနာအလျောက် သွေးလှူဒါန်းမှုကို ယခုထက်ပိုမိုပြုမူကြမည်မှာ ဧကန်မုချဖြစ်ပါသည်။

ထို့ကြောင့် လူနာများလိုအပ်သောသွေးကို အချိန်မီလုံလုံလောက်လောက် ရရှိစေရန် စေတနာအလျောက် လှူဒါန်းနေသည့် သွေးလှူရှင်များ ပိုမိုများပြားလာရန် နိုင်ငံတိုင်း ကြိုးပမ်းဆောင်ရွက်နေပါသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတစ်နိုင်ငံချင်း ဆောင်ရွက်ခြင်းထက် တစ်ကမ္ဘာလုံး စည်းစည်းလုံးလုံး နှိုးဆော်ပေးခြင်းက ပိုမိုထိရောက်မည်ဟု ယူဆကြပါသည်။ World Health Organization, International Federation of Red Cross and Red Crescent Societies(RFRC),the International Federation of blood donor organization (IFBDO)and the International Society of Blood Transfusion (ISBT) စသည့် အဖွဲ့အစည်းတို့ပူးပေါင်း၍ စေတနာသွေးလှူရှင်စနစ် ပိုမိုတိုးပွားလာရေးကို ဦးတည်ဆော်ဩပေးမည့် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ကမ္ဘာတစ်ဝန်းကျင်းပခြင်းဖြစ်ပါသည်။

ယခုနှစ် ၂၀၁၀ခုနှစ်တွင် The International Federation of Blood Donor Organization (IFBDO) မှ အခြားအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တာဝန်ယူ ဆက်သွယ်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သော ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားကို ၂၀၁၀ ခုနှစ်တွင် စပိန်နိုင်ငံ ဘာစီလိုးနားမြို့တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

၂၀၀၄ ခုနှစ်မှ စတင်ကျင်းပခဲ့သော ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားများမှ စွမ်းဆောင်နိုင်ခဲ့သော ရလဒ်မှာ နှစ်စဉ် သွေးလှူရှင်များ သိသိသာသာတိုးတက်လာကြောင်း တွေ့ရှိရခြင်းဖြစ်ပါသည်။ ၂၀၀၂ ခုနှစ်တွင် စေတနာသွေးလှူရှင် ၁၀၀ ရာခိုင်နှုန်းက ထောက်ပံ့မှုရရှိနေသော တိုင်းပြည်ပေါင်း ၃၉ နိုင်ငံမှပင် ယခုအခါ ၅၇ နိုင်ငံအထိ တိုးတက်လာကြောင်း တွေ့ရှိရခြင်းသည် သိသာသောအညွှန်းကိန်းတစ်ခုပင် ဖြစ်နေပေသည်။

သွေးသွင်းကုသမှုများတွင် အသုံးပြုမည့်သွေးသည် စေတနာသွေးလှူရှင်များထံမှ ၁၀၀ ရာခိုင်နှုန်း လှူဒါန်းထားသော သွေးသာဖြစ်ရမည်ဟု တာဝန်ယူထားသော နိုင်ငံများတွင် ယခုအခါ ပုံမှန်ပြန်လည် လှူဒါန်းနေသော သွေးလှူရှင်များ၏ အသက်များမှာ (၆၀) နီးလာပြီဖြစ်၍ ငယ်ရွယ်သော မျိုးဆက်သစ်လူငယ်များ၏ လက်ဆင့်ကမ်းထောက်ပံ့မှုမှာ အမှန်တကယ် လိုအပ်နေပါသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံအတွင်း လူငယ်များ ဦးဆောင်စည်းရုံးလာသော သွေးလှူဒါန်းပွဲများ ပိုမိုတိုးတက်လာကြောင်း သတင်းမှတ်တမ်းများအရ တွေ့ရှိရပါသည်။ အရှေ့ပိုင်းတက္ကသိုလ်၊ သန်လျင်နည်းပညာကောလိပ်၊ လှိုင်သာယာနည်းပညာကောလိပ်၊ ကွန်ပျူတာတက္ကသိုလ်၊ သန်လျင်သမဝါယမ ဒီဂရီကောလိပ်၊ မှော်ဘီနည်းပညာကောလိပ်၊ ဆေးတက္ကသိုလ်(၁)၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ် စသည့် တက္ကသိုလ်/ ကောလိပ်များအပြင် Raven, Yangon International College, Online Friends၊ ရင်ခုန်သံ၊ ပုညသင်္ဂဟ စသည်တို့မှာ လူငယ်များ ဦးဆောင်သော သွေးလှူရှင်အဖွဲ့များ ဖြစ်ပါသည်။

ယင်းသွေးလှူရှင်လူငယ်များ စုဆောင်းရာတွင် လိုအပ်သောအထောက်အပံ့များကို လှူဒါန်းပေးလျက်ရှိသော အလှူရှင်များဖြစ်သည့် စန္ဒီပရဆေးမိသားစု၊ ဘုရင့်နောင်ဈေးသာယာရေးအဖွဲ့၊ မြန်မာဘရူဝါရီလီမိတက်၊ ရွှေပါရမီအဖွဲ့၊ ဖြူစင်မေတ္တာသွေးလှူရှင်အဖွဲ့များ စသည့် အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အလွန်အကျိုးရှိလှပါသည်။

၎င်းလူငယ်ကလေးများ၏ ဆောင်ရွက်မှုများသည် သွေးလိုအပ်မှုကို ဖြည့်တင်းပေးရုံသာမက လူငယ်အချင်းချင်း စည်းရုံးနိုင်စွမ်းရှိခြင်း၊ လူငယ်အချင်းချင်းအကြား ညှိနှိုင်းစေ့စပ်ဆောင်ရွက်နိုင်ခြင်း၊ လူငယ်များ၏ သွေးများကို လူနာများအတွက် ကူညီလိုသောစိတ်ဓာတ် မွေးမြူလာစေခြင်း၊ မိမိကိုယ်တိုင် ကျန်းမာရေးကောင်းမွန်စေရန် အသိရှိစွာ စောင့်ရှောက်နိုင်စွမ်းရှိလာစေခြင်း၊ ရောဂါပိုးများကူးစက်နိုင်သည့် အနေအထိုင် အပြုအမူများ (ဥပမာ-လိင်အပျော်အပါး လိုက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း)စသည်ကို ရှောင်ကြဉ်တတ်လာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာသဖြင့် မိဘများ၊ မိသားစုများအတွက်လည်းကောင်း၊ နိုင်ငံနှင့်လူမျိုးအတွက်လည်းကောင်း၊ တန်ဖိုးမဖြတ်နိုင်သော ရလဒ်ကောင်းများ ရရှိလာပါသည်။ ယင်းကဲ့သို့ ငယ်စဉ်ကတည်းက အများအကျိုးသယ်ပိုးရန် မိမိတို့၏ကိုယ်ကျင့်တရားကို ထိန်းသိမ်းတတ်သော သွေးလှူရှင်မျိုးဆက်သစ်လူငယ်များ မြောက်မြားစွာ ပေါ်ထွန်းနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ယခုနှစ် ဇွန်လ ၁၄ ရက်နေ့ ကမ္ဘာ့သွေးလှူရှင်များနေ့ ဦးတည်ချက်ဖြစ်သော "လူငယ်အများ သွေးသန့်စင် အသက်ကယ်ကြစို့ ကမ္ဘာတစ်ခွင်" ဆောင်ပုဒ်အတိုင်း လူငယ်လေးများ သွေးလှူဒါန်းခြင်းတွင် သွေးသန့်အောင် ပူးပေါင်းဆောင်ရွက်မှုသည် သွေးလိုအပ်နေသော လူများအတွက်သာမက အနာဂတ် လူ့ဘောင်အတွက်ပါ အကျိုးများစေမည့် မွန်မြတ်သော လုပ်ငန်းဖြစ်၍ သွေးသန့်လှူဒါန်းရေး လုပ်ငန်းတွင် လူငယ်များ ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ကမ္ဘာ့သွေးလှူရှင်များနေ့

World Blood Donor Day

လူငယ်အများ သွေးသန့်စင် အသက်ကယ်ကြစို့ ကမ္ဘာတစ်ခွင်

NEW BLOOD FOR THE WORLD

၂၀၁၀ ခုနှစ် ဇွန်လ ၁၄ ရက်

မြိတ်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနား ကျင်းပ

မြိတ် ဇွန် ၁၂

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ဇွန် ၅ရက် နံနက် ၉ နာရီက မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ တနင်္သာရီတိုင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်အောင်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် တနင်္သာရီတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍအကြောင်းကို လည်းကောင်း၊ တနင်္သာရီတိုင်းကျန်းမာရေး ဦးစီးဌာန တိုင်းကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာ ဦးမောင်မောင်မင်းသိန်းက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ကျန်းမာရေး ကဏ္ဍအကြောင်းကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(ခရိုင်ပြန်/ဆက်)

မုံရွာခရိုင် စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်

မုံရွာ ဇွန် ၁၂

စစ်ကိုင်းတိုင်း မုံရွာခရိုင်၏ ၂၀၁၀-၂၀၁၁ ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ခြင်း အခမ်းအနားကို မေ ၁၈ ရက်က မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဆန်းက စီမံကိန်းအကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ ခရိုင်စီမံကိန်းဦးစီးမှူး ဦးကံရှိန်က ၂၀၀၉-၂၀၁၀ ခုနှစ် စီမံကိန်းအကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် ၂၀၁၀-၂၀၁၁ ခုနှစ် စီမံကိန်း ရည်မှန်းချက်များကို လည်းကောင်း ရှင်းလင်းတင်ပြပြီး စီမံကိန်းရည်မှန်းချက်များကို တာဝန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(ခရိုင်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၃-၆-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၃၀ ၄။ **ကာတွန်းအစီအစဉ် -အမြွာစုံထောက် (အပိုင်း-၁၂)**
၁၁း၂၅ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အချစ်ဟာဆန်းကြယ်**
၁၂း၃၀ ၆။ ကျန်းမာသုတ
၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၄၃)**
၂း၅၅ ၈။ အပိတ်နှုတ်ဆက်စကား
၂း၅၀ ၉။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၅ ၄။ မြတ်နိုးကြစေအမျိုးသားအမွေ
၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၄း၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၀။ **ဘဝကြေးမုံ** -သူငယ်ချင်းနှစ်ယောက် (အပိုင်း-၂) -အကယ်ဒမီခင်စိုးပိုင်၊ ဝါဝါအောင်၊ တေဇ၊ ရန်နိုင်၊ လေပြေ [ဒါရိုက်တာ-ဆဲဗင်း (IC)]
၆း၅၀ ၁၁။ ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀ ၁၂။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - လေဟုန်ခွင်းတဲ့ သူရဲကောင်း (အပိုင်း-၂၀)**
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြား သတင်း
၁၄။ နိုင်ငံတကာသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၈။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ** (Live) **-ဆာဗီးယားနှင့်ဂါနာ**
၁၉။ **လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၁)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

၁၄-၆-၂၀၁၀ရက်နေ့ (တနင်္လာနေ့)

၀၁း၀၀ ၁။ ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) -ဂျာမနီ နှင့်ဩစတြေးလျ

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး
လမ်း၊ တံတားဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် ဇွန် ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)လမ်း၊တံတားဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၈ရက်က ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း၊ တံတား လုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ (၈၀/၁၀၀) အမျိုးအစား မက်ထရစ်တန် ၂၅၀၀၀ ဝယ်ယူရန်နှင့် ကတ္တရာဖျန်းယာဉ် ၁၀ စီး ဝယ်ယူရန်အတွက် ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။

(ဆောက်လုပ်ရေး)

ဒဂုံ(တောင်)မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၂

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ လစဉ်ပုံမှန်အစည်းအဝေး (၇/၂၀၁၀) ကို ဇွန် ၆ ရက် (တနင်္ဂနွေနေ့)က ဒဂုံ(တောင်) ပြန်/ဆက်ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနား၌ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်စိုး(နေစိုးသော်)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ ဥက္ကဋ္ဌ ဦးမင်းရွှေ(မင်းရွှေမင်း-တောင်ကုတ်)က အဖွင့်အမှာစကားပြောကြားပြီး ပဉ္စမအကြိမ် စာပေညီလာခံ အတွေ့အကြုံများ ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ အလှူငွေကျပ်နှစ်သောင်းကို ဥက္ကဋ္ဌ မင်းရွှေမင်း(တောင်ကုတ်)က ပေးအပ်ရာ မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝင်းက လက်ခံရယူသည်။ ဆက်လက်၍ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်တို့၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၁၁ ဦး အတွက် ငွေကျပ် ၉၂၀၀၀ ကို စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာအေးမင်း(ဒေါက်တာအောင်ထက်- ဆေး-၁)က ကျောင်းသား၊ ကျောင်းသူများ၏ မိဘများထံ ပေးအပ်သည်။

ဒဂုံ(တောင်) စာပေနှင့် စာနယ်ဇင်းအဖွဲ့အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၏ သားသမီးများကို ထပ်မံဆုချီးမြှင့်မည်ဖြစ်ပြီး တက္ကသိုလ်သို့ ထူးချွန်စွာတက်ရောက်နိုင်သူများကို ပညာသင်ထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ အစည်းအဝေးကို စာပေရေးရာများဖြင့် ဆွေးနွေးညှိနှိုင်းကြပြီး ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (ကြေးမုံ)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း၊ တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာနှင့် ကတ္တရာဖျန်းယာဉ်များဝယ်ယူရန် ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆို

နေပြည်တော် ဇွန် ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၁၁ ရက်နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း၊ တံတား လုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ(၈၀/၁၀၀) အမျိုးအစား မက်ထရစ်တန် ၂၅၀၀၀ ဝယ်ယူရန် နှင့် ကတ္တရာဖျန်းယာဉ် ၁၀ စီး ဝယ်ယူရန် ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါ စာချုပ်ချုပ်ဆိုပွဲအခမ်းအနားသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းနှင့် တာဝန်ရှိသူများ၊ Swiss Singapore Overseas Enterprises Pte., Ltd. ဦးဆောင်သည့် ကုမ္ပဏီသုံးခုနှင့် Loyal Friends (S) Pte.,Ltd. တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း၊ တံတားလုပ်ငန်းများတွင် လိုအပ်သော ကတ္တရာ (၈၀/၁၀၀) အမျိုးအစား မက်ထရစ်တန် ၂၅၀၀၀ အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် Swiss Singapore Overseas Enterprises Pte., Ltd.မှChief Representative, Mr. PD၊ Daewoo International Corporation Co., Ltd.မှ Mr.JH. KIMနှင့် P.L Group Pte.,Ltd. မှ Director ဦးစိုးမင်းတို့က ဝယ်ယူရေးဆိုင်ရာ စာချုပ်များ၌ နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းလုပ်ငန်းများတွင် လိုအပ်သော ကတ္တရာဖျန်းယာဉ် ၁၀ စီး အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် Loyal Friends (S) Pte.,Ltd. မှ မန်နေဂျင်းဒါရိုက်တာဦးစိုးညွှန့်တို့က ဝယ်ယူရေးဆိုင်ရာစာချုပ်များ၌ နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးခဲ့ကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် Swiss Singapore Overseas Enterprises Pte., Ltd. ဦးဆောင်သည့် ကုမ္ပဏီသုံးခုကိုယ်စား Chief Representative , Mr. PD နှင့် Loyal Friends (S) Pte., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးညွှန့်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ယခုချုပ်ဆိုသည့် စာချုပ်များမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ(၈၀/၁၀၀) အမျိုးအစား မက်ထရစ်တန် ၂၅၀၀၀ ကို Swiss Singapore Overseas Enterprises Pte., Ltd. ထံမှ မက်ထရစ်တန် ၂၁၀၀၀၊ Daewoo International Corporation ထံမှ မက်ထရစ်တန် ၂၀၀၀နှင့် P.L Group Pte., Ltd. ထံမှ မက်ထရစ်တန် ၂၀၀၀ ကို လည်းကောင်း၊ ကတ္တရာဖျန်းယာဉ် ၁၀ စီးကို Loyal Friends (S) Pte., Ltd.ထံမှ လည်းကောင်း ဝယ်ယူရန် ချုပ်ဆိုခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှူဒါန်း

ဖခင် ဦးချစ်-မိခင် ဒေါ်မြမေ၊ အဒေါ် ဒေါ်မြကြည်တို့အား ရည်စူး၍ ရွာလယ်လမ်း စဉ့်ငူရပ်ကွက် အင်းစိန်မြို့နယ်နေ ဒေါ်တင်အေးမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းလွင် လက်ခံယူစဉ်။ (ကြေးမုံ)

တာချီလိတ်ခရိုင် ဥက္ကဋ္ဌဖလား စားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့်

တာချီလိတ် ဇွန် ၁၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာအုပ်စု အမျိုးသား စားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို မေ ၂၇ ရက်က မြို့နယ် မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။ အစီအစဉ်အရ ခရိုင်ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲဝင် အားကစားသမားများက အားကစားအဓိဋ္ဌာန်ရွတ်ဆိုကာ ပြိုင်ပွဲစတင်ယှဉ်ပြိုင်ရာ ပြိုင်ပွဲသို့ မြို့ပေါ်ရပ်ကွက်ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စုသုံးအုပ်စုတို့မှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြကြောင်းသိရသည်။

(ခရိုင်ပြန်/ဆက်)

မြန်မာပြည်တစ်ပတ် ပြည်နယ်နှင့် တိုင်းများသို့ စက်ဘီးစီးမည့်အဖွဲ့ ထားဝယ်မြို့မှ စတင်ထွက်ခွာ

ထားဝယ် ဇွန် ၁၂

ထားဝယ်မြို့မှ အသက် (၈၀) အရွယ်ရှိ ဦးသီးလှိုင်နှင့် စက်ဘီးစီးဝါသနာရှင် ကိုအောင်နိုင်နှင့် ကိုဇော်မင်းဦးတို့ မြန်မာပြည်တစ်ပတ် ပြည်နယ်နှင့် တိုင်းများသို့ စတင်စက်ဘီးစီးသည့် အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၉ နာရီတွင် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမျိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အားကစားဝါသနာရှင် ပြည်သူများ တက်ရောက်အားပေးပို့ဆောင်ပြီး ငွေ၊ ဆေးနှင့် ပစ္စည်းများ ချီးမြှင့်ကြသည်။

ခရီးစဉ်မှာ ထားဝယ်မြို့မှ စတင်၍ မွန်ပြည်နယ်-မော်လမြိုင်မြို့၊ ကရင်ပြည်နယ်-ဘားအံမြို့၊ ပဲခူးတိုင်း- ပဲခူးမြို့၊ နေပြည်တော်-နေပြည်တော်ပျဉ်းမနား၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း-တောင်ကြီးမြို့၊ မန္တလေးတိုင်း-မန္တလေးမြို့၊ စစ်ကိုင်းတိုင်း-စစ်ကိုင်းမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း-လားရှိုးမြို့၊ မူဆယ်မြို့၊ နမ့်ခမ်းမြို့မှတစ်ဆင့် ကချင်ပြည်နယ်-ဗန်းမော်မြို့၊ မြစ်ကြီးနား မြို့၊ ချင်းပြည်နယ်-ဟားခါးမြို့၊ မကွေးတိုင်း-မကွေးမြို့၊ ရခိုင်ပြည်နယ်-စစ်တွေမြို့၊ ကျောက်ဖြူမြို့၊ အမ်းမြို့၊ ဧရာဝတီတိုင်း-ပုသိမ်မြို့၊ ရန်ကုန်တိုင်း-ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်းသို့ ရောက်ရှိပြီး ခရီးစဉ်ကို အဆုံးသတ်မည်ဖြစ်သည်။

ဦးသီးလှိုင်မှာ ၁၉၉၉ ခုနှစ်တွင် တနင်္သာရီတိုင်း မြိတ်မြို့မှ ကချင်ပြည်နယ် နောင်မွန်မြို့၊ ၂၀၀၀ပြည့်နှစ်တွင် ရှမ်းပြည်အရှေ့ပိုင်း တာချီလိတ်မြို့မှ ရခိုင်ပြည်နယ်သို့ ပတ်ပြီး ရန်ကုန်မြို့၊ ၂၀၀၄ ခုနှစ်တွင် ထားဝယ်မြို့မှ ကော့သောင်းမြို့ရှိ ဘုရင့်နောင်မင်းတရားကြီး၏ ရုပ်တုတော်သို့ တစ်ကိုယ်တော်ခြေကျင်ခရီးလျှောက်ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် ထားဝယ်မြို့မှ မြိတ်မြို့သို့ တစ်ကိုယ်တော် စက်ဘီးစီးခရီးစဉ်များကို အောင်မြင်စွာ သွားရောက်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ (ခရိုင်ပြန်/ဆက်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့ပြလုပ်ငန်းဖြစ်သည့် သာယာဝတီမြို့ ဆေးရုံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအတွက် ကျောက်စုဆောင်းထားရှိမှု အခြေအနေကို မေ ၁၈ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းဇော်ဦးတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်

နေပြည်တော် ဇွန် ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာရန်ကျဲချီ၏ ဖိတ်ကြားချက်အရ ဇွန် ၇ ရက်မှ ၁၁ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့မှ တစ်ဆင့် ဇွန် ၇ ရက် ညနေ ၅ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ဝန်ကြီး ဦးညဏ်ဝင်းသည် ဇွန် ၈ ရက် နံနက်ပိုင်းတွင် ဝန်ကြီး မစ္စတာရန်ကျဲချီနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး မွန်းလွဲပိုင်းတွင် ဝန်ကြီးမစ္စတာရန်ကျဲချီက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

မိန့်ခွန်းပြောကြား

ညနေပိုင်းတွင် ဝန်ကြီး ဦးညဏ်ဝင်းသည် (၁၁)ကြိမ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအတိုင်ပင်ခံကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာစွမ်းကြားကျန့်အား ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်၌ တွေ့ဆုံပြီး ပေကျင်းမြို့ တရုတ်ပြည်ပရေးရာ ချစ်ကြည်ရေးအသင်းရုံး၌ ကျင်းပသည့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၆၀)ပြည့် အခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအတိုင်ပင်ခံကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ စွမ်းကြားကျန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝမ်ကွမ်းယအပါအဝင် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦး ညဏ် ဝင်း တရုတ် ပြည်သူ့သမ္မတ နိုင်ငံ ပေကျင်းမြို့ တရုတ်ပြည်ပရေးရာ ချစ်ကြည်ရေးအသင်းရုံး၌ ကျင်းပသည့် မြန်မာ - တရုတ် သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၆၀) ပြည့်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။
(နိုင်ငံခြားရေး)

ရှန်ဟိုင်း

ဝန်ကြီး ဦးညဏ်ဝင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၉ ရက် မွန်းလွဲပိုင်းတွင် ရှန်ဟိုင်းမြို့သို့ ဆက်လက်ထွက်ခွာခဲ့ပြီး ရှန်ဟိုင်းမြို့ ဒုတိယမြို့တော်ဝန် မစ္စတာ ထန်တန်းကျယ်နှင့် တွေ့ဆုံဆွေးနွေးကာ ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် ၂၀၁၀ ခုနှစ် ရှန်ဟိုင်းကုန်စည်ပြပွဲသို့ သွားရောက်၍ မြန်မာနှင့် တရုတ်ပြခန်းတို့အပြင် အခြားပြခန်းများကိုလည်း ကြည့်ရှုလေ့လာခဲ့သည်။

ကူမင်း

ဝန်ကြီး ဦးညဏ်ဝင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ယူနန်ပြည်နယ် ကူမင်းမြို့သို့ ဆက်လက်ထွက်ခွာခဲ့ပြီး ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ချင်ကွမ်းရုံနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ စီးပွားရေး တိုးမြှင့်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဝန်ကြီး ဦးညဏ်ဝင်းသည် ဇွန် ၁၁ ရက်နံနက်ပိုင်းတွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးသစ် တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုခဲ့ပြီး ကူမင်းမြို့မှ ထွက်ခွာခဲ့ရာ နံနက် ၉ နာရီတွင် ပြန်လည်ရောက်ရှိသည်။
(သတင်းစဉ်)

ဇွန် ၁၂ ရက်က ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး H.E.Ms. Maria Hellen M Barber ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၁၂

၁၅ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ (၂) အမှတ် (၄)ကို ဇွန် ၁၄ရက် (တနင်္လာနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။ ယင်း TV Guide စာစောင်တွင် MTV ရုပ်သံလိုင်း၌ ပြသခဲ့သည့် MTV Movies Awards ဆုပေးပွဲတွင် ချီးမြှင့်ခဲ့သည့်ဆုများ၊ MTV At The Movies အစီအစဉ်တွင် ပြသမည့် စိတ်ကူးယဉ်ဇာတ်လမ်းတစ်ခုဖြစ်သည့် Prince of Persia ဇာတ်ကားအကြောင်း၊ Channel V ရုပ်သံလိုင်းတွင်ပြသမည့် Chery I Cole ၏ ဂီတဗီဒီယို အသစ်အကြောင်း၊ မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် အမျိုးအစားစုံလင်လှသည့် စိတ်ဝင်စားဖွယ်ရာ ရုပ်ရှင်ဇာတ်ကားကောင်းများ၊ Star World တွင် ပြသမည့် နာမည်ကျော် ဖက်ရှင်ရှိုးတစ်ခုဖြစ်သည့် Victoria's Secret 2009 အစီအစဉ်၊ Animal Planet ရုပ်သံလိုင်းတွင် ကြည့်ရမည့် Sportlight: Earth, Whales Wars, Amazon: Super River အစီအစဉ်များ၊ ဝေလငါးများနှင့် သဲငါးမန်းများ၏ နေထိုင်လှုပ်ရှားမှုကို ရိုက်ကူးတင်ဆက်ထားသည့် Underwater Oasis အစီအစဉ်အား ပြသမည့် Nat Gco Wild ရုပ်သံလိုင်း၊ Travel &Living ရုပ်သံလိုင်းတွင် ဇနီးမောင်နှံများ ကိုယ်ဝန်ရှိစမှ မီးဖွားပြီးအချိန်အထိ ပြင်ဆင်ထားရမည့် အချက်အလက်များကို ပညာပေးအနေဖြင့် ပြသမည့် A Baby Story အစီအစဉ်နှင့် မိခင်များအတွက် အထူးရည်ရွယ်တင်ဆက်ထားသည့် Surviving Motherhood အစီအစဉ်၊ မြန်မာစကားပြော/မြန်မာစာတန်းထိုးများဖြင့် ကြည့်ရမည့် NGC ရုပ်သံလိုင်း၊ Discover ရုပ်သံလိုင်းတွင်ကြည့်ရမည့် အီတလီနိုင်ငံအကြောင်း တင်ဆက်ပေးမည့် Discovery Atlas, အမေရိက၏ လျှို့ဝှက်အေဂျင်စီ တစ်ခုအကြောင်း ကြည့်ရှုရမည့် Secret of The Secret Service အစီအစဉ်များနှင့် အခြားစိတ်ဝင်စားဖွယ် အစီအစဉ်ကောင်းများ၊ESPN နှင့် Star Sport ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် US Open Championship 2010,Wimbledon Lawn Tennis Championships 2010 အစီအစဉ်၊ ပရိသတ်များအတွက် လက်ဆောင်များရယူနိုင်မည့် အားကစား၊ အထွေထွေဗဟုသုတနှင့် ဖျော်ဖြေရေးဉာဏ်စမ်း ပဟေဠိစာမျက်နှာများ၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ပွဲကြို သုံးသပ်ချက်များနှင့် ပွဲပြီးရလဒ်များအကြောင်း ထုတ်လွှင့်မည့် Mandalay FM ၏ 'ရင်ခုန်သံများနှင့် ကမ္ဘာ့ဖလား' အစီအစဉ်သစ်၊ MRTV-4 တွင် ထုတ်လွှင့်မည့် အစီအစဉ်သစ်များအကြောင်း၊ မြဝတီရုပ်မြင်သံကြားအစီအစဉ် အချိန်ဇယားများတွင် ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များ ဖော်ပြထားပြီး ရုပ်သံလိုင်းများအားလုံး၏ ၁၅ ရက်စာ အစီအစဉ်ဇယားများ ပါဝင်သည်။

၁၅ရက်စာအစီအစဉ် ပါဝင်သော TV Guide စာစောင်ကို ရောင်းဈေး ၅၀၀ ကျပ်ဖြင့် Novel Light Express ဖြန့်ချိရေးမှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရသည်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃-၆-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၅	၇။ အတီးပြိုင်ပွဲ
၈း၂၅	၈။ "မြောင်းမြမြို့ရဲ့ ကျက်သရေဆောင် ကံကြီး တံတားကအလှဂုဏ်ဆောင်"
၈း၃၀	၉။ တေးဂီတအစီအစဉ်
၈း၄၀	၁၀။ International News
၈း၅၀	၁၁။ "မီးမီးရဲ့ဆုံးဖြတ်ချက်"
၉း၀၀	၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၁၁း၁၀	၂။ တေးဂီတအစီအစဉ်
၁၁း၂၀	၃။ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
၁၁း၃၀	၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်းမနွမ်းသောမေတ္တာ"(အပိုင်း-၁၆)**
၁၂း၃၀	၅။ Golf Magazine(TV)
၁၂း၄၅	၆။ **မြန်မာရုပ်ရှင် "ငြိုးမာန်ဖွဲ့ စိမ်းရက်လေသလား" (ကျော်ဟိန်း၊ မေသန်းနု) (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
၂း၃၅	၇။ "လယ်ယာစီးပွားဖွံ့ဖြိုးတိုးတက်နေ မန့်ဟီးရိုးမြို့နဲ့ နမ့်ခမ်းမြို့နယ်မြေ"
၂း၅၀	၈။ International News
၃း၀၀	၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅	၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (နေပြည်တော် F.C နှင့် ရန်ကုန်ယူနိုက်တက် F.C)
၅း၄၅	၂။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်(အယ်လ်ဂျီရီးယားအသင်းနှင့်ဆလိုဗေးနီးယားအသင်း)
၈း၀၀	၃။ ပြည်တွင်းသတင်း
	၄။ နိုင်ငံတကာသတင်းများ
	၅။ မိုးလေဝသအခြေအနေ
	၆။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၃၃)**
	၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အရွယ်လွန်ချစ်အိပ်မက်" (အပိုင်း-၁၆)**
	၈။ ရုပ်သံကြြယ်ပွင့်များ
	၉။ အစီအစဉ်ပြီး၏။



စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခရိုင်ချင်းဆက်လမ်း အမှတ်(၃) စစ်ကိုင်းမြို့နယ်အပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုးတို့ ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ (အငယ်တန်းအင်ဂျင်နီယာ-၂ မြို့ပြ) ဒေါ်စုစုလင်း ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ဇွန် ၁၀ ရက်က တောင်အာဖရိကနိုင်ငံ တွင် ကျင်း ပ မည့် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များ အားကြည့်ရှုရန်နှင့် တောင်အာဖရိကနိုင်ငံ၌ လည်ပတ်ရန် အတွက် TMW Enterprise Ltd. မှ တင်သွင်းဖြန့်ဖြူးရောင်းချသော အီလက်ထရွန်နစ် ပစ္စည်းများကို မြန်မာတစ်နိုင်ငံလုံး ရောင်းအားအကောင်းဆုံး ရောင်းချပေးသည့် အရောင်းကိုယ်စားလှယ်များ တောင်အာဖရိကနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။
(သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးဌာန ဒုတိယအကြီးအကဲနှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇွန် ၁၂

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Brigadier General Bouasieng CHAMPA PHANH ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဇွန် ၉ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိကြပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၀ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံရေးရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)နှင့် နေပြည်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က Mount Pleasant Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Brigadier General Bouasieng CHAMPA PHANH ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးဌာန ဒုတိယအကြီးအကဲနှင့်အဖွဲ့သည် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် သွားရောက်ကြပြီး မဟာမြတ်မုနိဘုရားအား သွားရောက်ဖူးမြော်ကြည်ညို၍ မန္တလေးမြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကာ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

လာအိုချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်လယ်ဝေး သီရိရတနာမြို့မဈေး သမလီမိတက် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၁၂

နေပြည်တော်လယ်ဝေး "သီရိရတနာ" မြို့မဈေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၅ ရက် မွန်းလွဲ ၂ နာရီတွင် အသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က အမှာစကားပြောကြားကြပြီး အသင်းအတွင်းရေးမှူး ဦးစိန်ဝင်းက အမှုဆောင်ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားတင်သွင်း အတည်ပြုချက်ရယူသည်။

ထို့နောက် အသင်းသား၊ အသင်းသူများ၏ သားသမီးများမှ တက္ကသိုလ်ဝင်တန်းအောင်နှင့် ဂုဏ်ထူးရရှိသူ ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအား ဗလာစာအုပ်များ ကူညီထောက်ပံ့ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

"လယ်ယာသုံးစက်ယန္တရားများကို ပိုမိုတိုးချဲ့ အသုံးပြုလာခြင်းကြောင့် စက်မှုလယ်ယာစနစ်ကို သိသိသာသာ ပြောင်းလဲလာသည်ဟု ဆိုနိုင်"

ဦးလှမြင့်
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြို့နယ်မန်နေဂျာ
နေပြည်တော်လယ်ဝေးမြို့နယ်

✻ ကျောဖုံးမှ

နေပြည်တော်ခရိုင်၏ တစ်နည်းဆိုရသော် နေပြည်တော်လယ်ဝေးမြို့နယ်၏ တစ်ခုတည်းသော မြစ်ရေတင်စီမံကိန်း ဖြစ်သည်။ ဤစီမံကိန်းကို ၁-၁-၂၀၀၀ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၈-၂-၂၀၀၂ ခုနှစ်တွင် ပြီးစီးခဲ့ကာ ၂၀၀၃ ခုနှစ်တွင် စတင်ရေပေးဝေနိုင်ခဲ့သည်။ အကျိုးပြုလျာထားဧက ၄၀၀၀ တွင် နွေ၊ မိုးစပါး စိုက်ဧက ၂၀၀၀ နှင့် အခြား သီးနှံဧက ၂၀၀၀ ဖြစ်သည်။

ပေါင်းလောင်းမြစ်ကမ်း အရောက် နှစ်မိုင်နီးပါးခန့် ရှည်လျားသော ရေပေးမြောင်းအတိုင်း ဆိုင်ကယ်များဖြင့် ရှမ်းရွာ မြစ်ရေတင်စီမံကိန်း၏ ရေစတင် စုပ်ယူ ဖြန့်ဝေပေးရာသို့ သွားရောက်ခဲ့သည်။ ရစ်ခွေစီးဆင်းနေသော ပေါင်းလောင်း မြစ်ရေပြင်အထက်မှ ပင်မ ရေစုပ်စက်ကြီးကို ဘွားခနဲ တွေ့လိုက်ရသည်။

ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ ဦးစီးမှူး ဦးရဲမြင့်စိုးက ရှမ်းရွာ မြစ်ရေတင်စီမံကိန်း၏ အချက်အလက်များကို ဤသို့ ရှင်းပြခဲ့သည်။ တူးမြောင်းမှ အလျားပေ ၂၅၀၀၀ နှင့် လက်တံမြောင်းလေးခု စုစုပေါင်း အလျားပေ ၂၂၁၃၂ ရှိ ရှမ်းရွာ လျှပ်စစ်မြစ်ရေတင် စီမံကိန်း ရေသောက်ဧရိယာအတွင်း အလယ်ကျွန်းနှင့် ရေကာကျေးရွာအုပ်စု နှစ်စုအတွင်းရှိ ကျေးရွာခုနစ်ရွာမှ နွေစပါးစိုက် လယ်မြေများကို ရေပေးလျက်ရှိကြောင်း။

စက်တပ်ဆင်အင်အားမှာ ၂၀ လက်မ Cusec ငါးလုံးရှိပြီး ၁၁၀ ကီလိုဝပ် မော်တာကြီး ငါးလုံးဖြင့် ပေါင်းလောင်း မြစ်ရေကို အလျဉ်မပြတ် စုပ်တင်ပြီး ဘွက်ကြီးရိုး၊ ရှမ်းရွာ၊ ဇီးဖြူတန်း၊ ရေကာ၊ ဗိုလ်ကတော်၊ မြောင်းမြ၊ ကြို့တန်း ကျေးရွာခုနစ်ရွာရှိ မြေဧက ၁၂၀၀ နွေစပါး စိုက်ပျိုးရေ ပေးဝေလျက်ရှိကြောင်း၊ မိုးစပါးအောင်ရေနှင့် အခြား ရေလိုအပ်သော သီးနှံအမျိုးအစားများအတွက် ရာသီအလိုက် လိုအပ်သောရေကို ဖြည့်ဆည်းပေးခြင်းနှင့် ယခုရာသီတွင် နွေစပါးစိုက်ဧကများအတွက် အဓိက ရေဖြန့်ဝေပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

မြစ်ရေတင်စီမံကိန်းတို့၏ သဘောသဘာဝအရ တိုက်ရိုက်ရေပေးစနစ် ဖြစ်သည်။ ရေလှောင်ကန်မရှိ မြစ်အတွင်းမှ စုပ်တင်ရရှိသော ရေထုထည်ကို ရေငြိမ်ကန်တွင် စုစည်းကာ ရေပေးမြောင်းအတွင်းစီးဆင်းစေခြင်းဖြင့် သီးနှံစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းစေခြင်းဖြစ်သည်။

ကြေးမုံသတင်းအဖွဲ့အား နေပြည်တော်လယ်ဝေးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးလှမြင့်က ရှမ်းရွာမှ လယ်သမားကြီး ဦးညွန့်ဝေ၊

ရှမ်းရွာကျေးရွာမှ လယ်သမားကြီး ဦးတင်စိန် ရှင်းလင်းပြောကြားစဉ်။

ဦးတင်စိန်တို့နှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် စီစဉ်ပေးခဲ့သည်။ ဆယ်စုနှစ်တစ်ခုနီးပါး ဤဒေသကို စိုက်ပျိုးရေပေးဝေအကျိုးပြုခဲ့သော ရှမ်းရွာ လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ သက်ရောက်မှုသည် နွေစပါးစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးကြည့်သောအခါ ပိုမိုသက်ဝင် ရုန်းကြွလာသည်။

ဦးညွန့်ဝေက နွေစပါးစိုက် ခုနစ်ဧကရှိပြီး တစ်ဧက စပါးတင်း ၁၅၀နီးပါး အထွက်ကောင်းသူဖြစ်သည်။ ဤစီမံကိန်း မဖြစ်တည်မီက မိုးစပါးနှင့် အစေ့ထုတ်ပြောင်း စိုက်ခဲ့သည်ဟုဆိုသည်။ ယခုတော့ မိုးစပါး၊ မတ်ပဲနှင့် နွေစပါး သုံးသီးစိုက်နေပြီ။ သွပ်မိုးအိမ်သစ် ဆောက်ပြီးပြီ။ ဂွန်ဒေါင်းစက် နှစ်စီး

ရှမ်းရွာကျေးရွာမှ လယ်သမားကြီး ဦးညွန့်ဝေ ရှင်းလင်းပြောကြားစဉ်။

ပိုင်ပြီး မော်တော်ဆိုင်ကယ်လည်း ဝယ်ပြီးပြီဟု ပြောသည်။ မျိုးကောင်းမျိုးသန့် စိုက်ပျိုးနည်းပညာအပြင် ဓာတ်မြေသြဇာကိုလည်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ထောက်ပံ့ရောင်းချသည်ဟု စကားကို အစဖြတ်သည်။ မတောင့်မတ မကြောင့်မကြဆိုသော စကားကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြစ်သည်ဟု နားလည်လိုက်သည်။

ဦးတင်စိန်က လယ်ငါးဧက နွေစပါးစိုက်ထားသည်။မိုးစပါးလည်းစိုက်မည်။ မတ်ပဲလည်းမလွတ်စေရဟု အင်အားအပြည့်ဖြင့်ဆိုသည်။ ဆက်၍ မိမိတို့ရွာ အခြေအနေမှာ၁၀ နှစ်အတွင်း တိုးတက်ပြောင်းလဲလာပါသည်ဟု ရိုးရှင်းစွာပြောသည်။ အရင်ကအတော်ဆင်းရဲခဲ့တာအခုမြင်ရတာနဲ့ တခြားစီပဲဟု ဦးညွန့်ဝေ၏ စကားကို ဖြည့်စွက်ထောက်ခံလိုက်သည်။

ကြေးမုံသတင်းအဖွဲ့အား အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးခင်းများကို လိုက်လံလေ့လာလှည့်ပါဆို၍ တပြန့်တပြော လယ်ခင်းဆီသို့ ဦးတည်လိုက်ကြသည်။ မွန်းတည့်လုပြီဖြစ်၍ လယ်ယာလုပ်ငန်းခွင်မှ ခေတ္တနားရန် ရွာဘက်ဆီသို့ ပြန်လာသူများကို တသီတတန်းတွေ့ရသည်။ ဖွဲကောင်းသူအချို့သာ စပါးခင်းအလယ်တွင် ဟိုတစ်စုသည်တစ်စု။

စိုက်ပျိုးရေး မန်နေဂျာကြီးက "သက်တမ်းအတိုဆုံးနှင့် အထွက်အကောင်းဆုံး နွေစပါးမျိုးကို ဒီဒေသမှာ ရွေးချယ်စိုက်ပျိုးကြပါတယ်။ မျိုးကောင်းမျိုးသန့်ဖြစ်ပြီး စိုက်စနစ်မှန်မှုနဲ့ ဓာတ်မြေသြဇာနဲ့ ပိုးသတ်ဆေး စနစ်တကျ ထည့်သွင်းပြီး ပြုစုမှုကောင်းတဲ့ လယ်သမားကြီးတွေက အထွက်နှုန်း ပိုကောင်းတာ အသေချာပါ။ စပါးရဲ့ သဘာဝက နေရောင်ခြည်နဲ့ ရေအလုံအလောက်ရလို့ကတော့ ရှင်သန်ဖြစ်ထွန်းမှု ကောင်းတာပါပဲ" ဟု လမ်းလျှောက်ရင်း ရှင်းပြသည်။

ဆက်လက်၍ဒီဒေသက လယ်သမားများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မျိုးသန့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ မျိုးသန့်စပါးဧက ၁၀၀ရှိပြီး ထွက်ရှိလာသော မျိုးသန့်များကို ဤဒေသတွင်သာမက အခြားကျေးရွာများသို့ပါ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမှုစနစ်အနေဖြင့် အစိုးသမန်းပြင်၌ တိုက်ရိုက်မျိုးစေ့ချစနစ်ဖြစ်ပြီး လယ်ယာသုံးစက်ယန္တရားများကို ပိုမိုတိုးချဲ့ အသုံးပြုလာခြင်းကြောင့် စက်မှုလယ်ယာစနစ်ကို သိသိသာသာ ပြောင်းလဲလာသည်ဟု ဆိုနိုင်ကြောင်းကိုပါ ဖြည့်စွက်ပြောကြားသည်။

ဆည်မြောင်းဦးစီးမှူး ဦးရဲမြင့်စိုးက မြစ်ရေတင် သဘာဝတစ်ခုဖြစ်သည့် နုန်းပါးဝင်မှုကလည်း မြေသြဇာကို ထက်သန်စေကာ အထွက်တိုးစေသည့် အကြောင်းတစ်ရပ်ဖြစ်သည်ဟု ဆိုသည်။

ရှမ်းရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ရေအရင်းအမြစ်ကို မြောင်းမကြီးနှင့် လက်တံမြောင်းခွဲများမှတစ်ဆင့် လယ်ကြားမြောင်းများဖြင့်သွယ်ယူကာ ကွက်ဆင့်သောက်စနစ်ဖြင့် နွေစပါးစိုက်ပျိုးဖြစ်ထွန်းမှုကို အချိန်အတန်ကြာမျှလေ့လာခဲ့ပြီး ကြေးမုံသတင်းအဖွဲ့ ခရီးဆက်ဖို့ပြင်သည်။

အပြန်လမ်းတွင် နေခြည်နုတို့ ယှက်သန်းသော စိမ်းမြကွင်းပြင်ကို လျှင်သော ဆိုင်ကယ်အဟုန်ဖြင့် တရိပ်ရိပ်ဖြတ်သန်းခဲ့သည်။ စိုက်ပျိုးရေးအခြေခံသော နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးဖို့ စိုက်ပျိုးရေး၏ အရေးပါမှုကို အထင်ကရမြင်လိုက်ရသည်။ စိုက်ပျိုးရေအလုံအလောက် ရရှိစေရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ရှာကြံတည်ဆောက်ဖြည့်ဆည်းပေးနေသော နိုင်ငံတော်၏ စေတနာကို ဆင်ခြင်မိလာသည်။ နိုင်ငံတစ်နံတစ်လျားတွင် မြောက်မြားလှစွာသော မြစ်ရေတင်စီမံကိန်းများ၏ အကျိုးပြုမှုကို ဤရှမ်းရွာမှ လယ်သမားကြီး ဦးညွန့်ဝေနှင့် ဦးတင်စိန်တို့၏ဖြစ်ရပ်များက ကိုယ်စားပြုသက်သေခံလျက်ရှိသည်မှာ ဧကန်ပင်။

နှစ်စဉ် မိုးရေချိန်လက်မ ၅၀ ခန့်သာ ရွာသွန်းသောအရပ်၌ ဤမြစ်ရေတင် စီမံကိန်းကြောင့် စပါးနှစ်သီး စိုက်နိုင်ခဲ့ပြီ။ ဒေသခံတို့ အခြေခံစီးပွားရေး တောင့်တင်းခိုင်မာပြီး နိုင်ငံတော်၏ စပါးကျီသို့ ရိက္ခာစပါး ထည့်သွင်းတိုးပွားစေနိုင်ခဲ့ပြီ။ နေပြည်တော်လယ်ဝေးမြို့နယ်မှ ရှမ်းရွာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းသည် နိုင်ငံတော်၏ ကြီးမြတ်သောစေတနာနှင့် တောင်သူဦးကြီးများ၏ ဇွဲ လုံ့လ၊ ဝီရိယတို့ ပေါင်းစပ်ကာ ကောင်းမြတ်သော အကျိုးစီးပွားကို ထာဝစဉ်ဖော်ဆောင်နိုင်မည်မှာ မြေကြီးလက်ခက် မလွဲဟု. . .။ ။

အောင်မြင်ဖြစ်ထွန်းနေသည့် နွေစပါးစိုက်ခင်းများ။

✣ ရေနံယိုဖိတ်မှုမှ

ရမ်နိုလီပစ်ဒြပ်ပေါင်းသည် ရေနံ၏ ဓာတုဗေဒဖွဲ့စည်းပုံကို ဖြိုခွဲပေးပြီး ရေနံ၏ အဆိုးရွားဆုံးသော အဆိပ်အတောက်ဒြပ်ပေါင်းများကို ချေဖျက်ပေးနိုင်သည်ဆို၏။

ရမ်နိုလီပစ်ဒြပ်ပေါင်းသည် အပင်များ၊ လူသားများနှင့် တိရစ္ဆာန်များအတွက် ဘေးဥပဒ်ပေးနိုင်ခြင်းမရှိပေ။

ရေနံယိုဖိတ်မှု ဖြစ်ပေါ်သည့်အခါ သဘာဝပတ်ဝန်းကျင်ကို ဘေးဥပဒ်ဖြစ်စေနိုင်သော Polycyclic aromatic hydrocarbons အမည်ရှိ ဓာတုဗေဒဒြပ်ပေါင်းတစ်မျိုး ဖြစ်ပေါ်လေ့ရှိကြောင်း၊ ယင်းဒြပ်ပေါင်း၏ အာနိသင်ပျက်ပြယ်သွားစေရန် ရမ်နိုလီပစ်ဒြပ်ပေါင်းက စွမ်းဆောင်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

တရုတ်နိုင်ငံရှိ စီအန်းဗိသုကာနှင့် နည်းပညာတက္ကသိုလ်နှင့် နန်ကင်းလယ်ယာစိုက်ပျိုးရေးတက္ကသိုလ်တို့မှ သိပ္ပံပညာရှင်များနှင့် အော်ရီဂွန်ပြည်နယ်မှ သိပ္ပံပညာရှင်များသည် ရေနံယိုဖိတ်မှုကို ရှင်းလင်းသုတ်သင်ပေးနိုင်မည့် ဗက်တီးရီးယားပိုးကို ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းလေ့လာတွေ့ရှိချက်ကို မူပိုင်ခွင့်ဥပဒေနှင့် အညီ မှတ်ပုံတင်ထားမည်ဖြစ်သည်။

ပင်လယ်ပြင်တွင် ရေနံယိုဖိတ်ခြင်းဖြင့် ရေသတ္တဝါများ၊ တောရိုင်းသတ္တဝါများ၊ ကျေးငှက်များနှင့် လူသားများကို ဘေးဥပဒ်ဖြစ်စေနိုင်သည်။ရေနံယိုဖိတ်မှု၏ အကျိုးရလဒ်အဖြစ် လူတို့တွင် ကင်ဆာရောဂါဖြစ်ပွားစေနိုင်ပြီး ခုခံအားစနစ် ကျဆင်းစေနိုင်ကြောင်း၊ မျိုးပွားမှုဆိုင်ရာ ပြဿနာများနှင့် အာရုံကြောစနစ် ထိခိုက်ခြင်းတို့ကိုလည်း ဖြစ်ပေါ်စေနိုင်ကြောင်း သုတေသီ ဇီဘူးယဇ်က ပြောကြားသည်။ ***အင်တာနက်။***

မက္ကဆီကိုပင်လယ်ကွေ့ရှိ လူဝီစီယားနား ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်တွင် ရေနံယိုဖိတ်မှုဖြစ်ပေါ်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဏ်နှင့်ဆက်သွယ်သူ ပြည်သူများအား ချိုသာပျူငှာစွာဆက်ဆံ ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးမှုဘဏ်လုပ်ငန်းမှ အထောက်အကူပြု

နေပြည်တော် ဇွန် ၁၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာ့စီးပွားရေးဘဏ် လက်ထောက်မန်နေဂျာများ ဘဏ်လုပ်ငန်းဆိုင်ရာသင်တန်း အမှတ်စဉ်(၁/၂၀၁၀) ဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် ဘဏ်လုပ်ငန်းကဏ္ဍကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာ့စီးပွားရေးဘဏ်ရှိ အငယ်တန်းစီမံခန့်ခွဲမှုအဆင့် အရာထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်ထက်မြက်စေရန် သက်ဆိုင်ရာ သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် လေ့လာသင်ယူခဲ့သည့် ဘဏ်လုပ်ငန်းဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းလုပ်ထုံးလုပ်နည်းများ၊ ဘဏ်လုပ်ငန်းကြီးကြပ်ကွပ်ကဲမှုပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်၌ အကျိုးရှိစွာ ပေါင်းစပ်အသုံးချကြရမည်ဖြစ်ကြောင်း၊ ထိရောက်ထက်မြက်သော လုပ်ငန်းဆောင်ရွက်မှုများဖြင့် ဘဏ်နှင့် ဆက်သွယ်သူ ပြည်သူများအား ချိုသာပျူငှာစွာ ဆက်ဆံ၍ ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးမှုကို ဘဏ်လုပ်ငန်းကဏ္ဍမှ အထောက်အကူပြုသွားရေး အလေးထား ကြိုးပမ်းကြရန်ဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးက သင်တန်းတွင် ပထမဆုရ မြစ်ကြီးနားဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ ဒေါ်မာလာသန်း၊ ဒုတိယဆုရ နတ်မောက်ဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ ဒေါ်ခင်ညိုနှင့် တတိယဆုရ မိုင်းဆတ်ဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ ဦးမြင့်သိန်းတို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်က သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသူတစ်ဦးထံ ပေးအပ်သည်။

အဆိုပါ မြန်မာ့စီးပွားရေးဘဏ် လက်ထောက်မန်နေဂျာများ ဘဏ်လုပ်ငန်းဆိုင်ရာသင်တန်း အမှတ်စဉ် (၁/၂၀၁၀)တွင် မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်၊ တိုင်းများရှိ မြို့နယ်ဘဏ်ခွဲများမှ လက်ထောက်မန်နေဂျာ သင်တန်းသား၊ သင်တန်းသူ ၄၀ တို့သည် ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းဥပဒေများ၊ အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းဆိုင်ရာ အသိပညာများ အစရှိသည်တို့ကို ရက်သတ္တ လေးပတ်ကြာ လေ့လာသင်ယူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ် ချီးမြှင့်

ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီး ဌာန ဝန်ကြီး ဦးလှထွန်း မြန်မာ့ စီးပွားရေးဘဏ် လက် ထောက် မန် နေ ဂျာ များ ဘဏ်လုပ်ငန်း ဆိုင်ရာသင်တန်း တွင် ပထမဆု ရရှိသူ တစ်ဦး အား ဆုပေးအပ် ချီးမြှင့်စဉ်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ထူး ခရိုင်ချင်းဆက် လမ်းအမှတ်(၁) ပေါက်ခေါင်းမြို့နယ်အပိုင်း၌ ကတ္တရာ ကိုးမိုင် ငါးဖာလုံ ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စည်ပင်သာယာရေး ဒုတိယညွှန်ကြားရေးမှူးချုပ် ဈေးများ မီးဘေးကာကွယ်ရေးလုပ်ဆောင်ထားမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ထူးသည် ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပသည့် ပြည်မြို့ရှိ ဈေးများ မီးဘေးကာကွယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ဈေးများ မီးဘေးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ လိုက်ပါလျက် ပြည်မြို့ မြို့မဈေး၏ မီးဘေးကာကွယ်ရေးစီမံချက်ပါအတိုင်း ဆောင်ရွက်ထားရှိမှုနှင့် မြို့မဈေးအတွက် ဂါလန် ၂၀၀၀၀ ဆံ့ မီးသတ်ရေလှောင်ကန် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မီးသတ်ရေစင်ဆောက်လုပ်ရေး၊ ဈေးဆိုင်များ၌ မီးသတ်ဆေးဘူးများ ထပ်မံထားရှိရေး၊ မီးသတ်ရေကန်များ၊ မီးသတ်စက်များ အမြဲအသင့်ဖြစ်နေရေးတို့ကို မှာကြားသည်။

မီးသတိရှိရေး

ထို့နောက် ပြည်မြို့ရှိ အောင်မင်္ဂလာဈေး၊ ကိုးသောင်းဈေးနှင့် ခေတ္တရာမြို့သစ်ဈေးများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး မီးဘေးကာကွယ်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် မီးသတိရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များကို မှာကြားခဲ့သည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဇွန် ၁၁ ရက်တွင် ပဲခူးတိုင်း (အနောက်ပိုင်း) မြို့နယ် စည်ပင်သာယာရေးအဖွဲ့များက တာဝန်ယူဖောက်လုပ်နေသည့် ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ပေါက်ခေါင်းမြို့နယ် အပိုင်း၌ ကတ္တရာလမ်း ကိုးမိုင် ငါးဖာလုံ ဖောက်လုပ်နေမှုကို လိုက်လံစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် မကွေးတိုင်း အောင်လံမြို့ မြို့မဈေးသို့ လည်းကောင်း၊ ညနေပိုင်းတွင် တောင်တွင်းကြီးမြို့ မြို့မဈေးသို့ လည်းကောင်း သွားရောက်၍ ဈေးများအတွင်း မီးဘေးကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မီးသတ်ဆေးဘူးများ ပိုမိုထားရှိရေး၊ မီးသတ်ရေစင် ဆောက်လုပ်ပေးရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တော သစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ပြည်သူ့ထံမှ ပေးစာများ

ရေနုတ်မြောင်းပိတ် တံတိုင်းခတ်မှုစိစစ်စေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် မင်းစေတီလမ်းရှိ အိမ်တစ်အိမ်သည် လမ်းပေါ်သို့ ကျူးကျော်၍ ရေနုတ်မြောင်းပိတ်ဆို့ အုတ်တံတိုင်း ခတ်ထားပါသဖြင့် ရေနုတ်မြောင်းကျဉ်းမြောင်းပြီး ရေများလျှံထွက်ကာ ပတ်ဝန်းကျင်ရှိ အိမ်များသို့ ရေဆိုးများ ဝင်ရောက်နေပါသည်။

သို့ဖြစ်ပါ၍ ရေစီးရေလာကောင်းမွန်ရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

ရေစီးရေလာ ကောင်းစေလို

စာတည်းရှင့်-

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် ၅/၆ရပ်ကွက် ပုလဲလမ်းမကြီး၏ ရေနုတ်မြောင်းများ ရေစီးရေလာမကောင်းခြင်း၊ ပုလဲလမ်းအနောက်ဘက် ခိုင်ရွှေဝါပန်းခြံနှင့်နှင်းဆီပန်းခြံတို့တွင် ရေမြောင်းပိတ်ဆို့နေခြင်းတို့ကြောင့် မိုးများပါက ရေကြီး၍ နေအိမ်များအတွင်းသို့ ရေများ ဝင်ရောက်နေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရွှေပြည်သာသူ

ဝက်မွေးမြူအနံ့ဆိုး ရှင်းလင်းပြီးစီး

၃-၁-၂၀၁၀ရက်ထုတ် ကြေးမုံသတင်းစာပါ မင်္ဂလာဒုံမြို့နယ် မြသီတာရပ်ကွက် သီရိမြိုင်လမ်းမှ **ဝက်မွေးမြူအနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်**ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

တိုက်ခန်းများ ဝန်းကျင် သန့်ရှင်းသာယာစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် သာယာရွှေပြည်အိမ်ရာ တိုက်ခန်းများအနီး ထရန်စဖော်မာနှင့်ကပ်လျက် လက်ဖက်ရည်ဆိုင်ဖွင့်လှစ်ထားရာ မုန့်များ နေ့ညကြော်လှော်နေသောကြောင့် ညော်နံ့များ ပျံ့နှံ့နေခြင်း၊ မီးဘေးအန္တရာယ်စိုးရိမ်ရခြင်း၊ ဆူညံနေခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အိမ်ရာနေသူများ**

ဝတ်စားဆင်ယင်ပြောဆိုမှု ယဉ်ကျေးစေလို

စာတည်းရှင့်-

ရန်ကုန်မြို့ မင်္ဂလာဈေးမှ ဒဂုံတက္ကသိုလ်သို့ပြေးဆွဲသော(၁၀၈)ယာဉ်လိုင်းသည် တက္ကသိုလ်ထိမသွားဘဲ ဗထူးဈေး ဂိတ်ဟောင်းအထိသာ ပြေးဆွဲပါသည်။

ထို့အပြင် ယာဉ်ပေါ်တွင် စပယ်ယာနှစ်ဦး၊ သုံးဦးပါရှိပြီး သတ်မှတ်ယူနီဖောင်းဝတ်ဆင်ခြင်းမရှိသည့်အပြင် အချို့မှာ အင်္ကျီကိုယ်ချွတ်၊ ဘောင်းဘီတိုကိုချက်ပြုတ်ဝတ်စားဆင်ယင်ပြီး ကြမ်းတမ်းစွာပြောဆိုမှုများကြောင့် ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါယာဉ်လိုင်းအား ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသည်များ

လက်ကိုင်သစ်ခွဲစက်ပြုပြင်သံကြောင့် ပတ်ဝန်းကျင်ဆူညံ

စာတည်းရှင့်-

မွန်ပြည်နယ် ကျိုက်ထိုမြို့ ကံ့ကော်ရပ်ကွက် အောင်ချမ်းသာ(၄)လမ်းအတွင်း၌လက်ကိုင်သစ်ခွဲစက်ပြုပြင်သည့် လုပ်ငန်းများလုပ်ကိုင်လျက်ရှိရာထွက်ပေါ်လာသော စက်သံဆူညံမှုများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဆူညံသံများ ကင်းရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျိုက်ထိုသူ**

စင်တင်တေးဂီတနှင့် ယမကာဆိုင်များ ဆူညံ

စာတည်းခင်ဗျား-

မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက်တွင် စင်တင်တေးဂီတ၊ အရက်ဆိုင်နှင့် အနှိပ်ခန်းများ ဖွင့်လှစ်ထားရာ ဆူညံသံ၊ မူးယစ်သောက်စားသူများနှင့် အမြင်မတော်သော မြင်ကွင်းများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။

ပြည်သာယာသား

အမှိုက်ပုံအနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရမည်းသင်းမြို့ မြို့မဈေးကြီးအတွင်းရှိ အမှိုက်ပုံမှ အနံ့အသက်ဆိုးများကို ဈေးသူ၊ ဈေးသားများနှင့် ပတ်ဝန်းကျင်နေသူများ နေ့စဉ်ရှူရှိုက်နေရသောကြောင့် ကျန်းမာရေးထိခိုက်စေပါသဖြင့် ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ဈေးသူ၊ဈေးသားများ**

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် အမှတ်တရ သစ်ပင်စိုက်ပျိုးပေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ရန်ကုန်မြောက်ပိုင်းခရိုင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင်များကို ဖြန့်ဝေပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၂

ရန်ကုန်မြောက်ပိုင်းခရိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၁၁ ရက်တွင် ထန်းတပင်မြို့နယ် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးက သစ်ပင်စိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူးသည် ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ပျိုးပင်များကို ဖြန့်ဝေပေးကြပြီး အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြကြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်း ဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်း လိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဦးစီးဌာနများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဝန်ကြီး ဦးမောင်ဦး တက်ရောက် အမှာစကားပြောကြား

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၂

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပသည့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းစိန်နှင့် ဦးစီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းတာဝန်ခံအရာရှိများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးမောင်ဦးက လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအပေါ် အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး သက်ဆိုင်ရာဦးစီးဌာနအလိုက် တာဝန်ရှိသူများနှင့် ပြည်နယ်နှင့်တိုင်းတာဝန်ခံ အရာရှိများက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်း တင်ပြကြကာ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၁၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ခန္တီးမြို့တွင် ၄ ဒသမ ၃၇ လက်မ၊ မောင်တောမြို့တွင် ၄ ဒသမ ၂၉ လက်မ၊ စစ်တွေမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၅၆ လက်မ၊ သထုံမြို့၊ ပလက်ဝမြို့နှင့် သိမ်ဖြူရပ်မြို့တို့တွင် ၂ ဒသမ ၀၉ လက်မစီနှင့် ရန်ကုန်(ကမ္ဘာအေး)တွင် ၁ ဒသမ ၉၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဇွန် ၁၃ ရက် ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်နိုင်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၂ဒသမ ၅ဒီဂရီစင်တီဂရိတ်) ၉၀ဒီဂရီဖာရင်ဟိုက်	၁၁-၆-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၄ဒသမ ၉ဒီဂရီစင်တီဂရိတ်) ၇၇ ဒီဂရီဖာရင်ဟိုက်	၁၂-၆-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း	၁၂-၆-၂၀၁၀
နေပူသည့်နာရီပေါင်း ၄ဒသမ ၀နာရီ	၁၁-၆-၂၀၁၀

ဒုတိယမြို့တော်ဝန် ဦးမောင်ပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်အားပေး

ရန်ကုန် ဇွန် ၁၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်ပါသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်း မိုးရာသီ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ဆိပ်ကြီးအရှေ့ ရှခင်းသာကွန်ကရစ်လမ်းဝဲ၊ ယာ တစ်ဖက်တစ်ချက်၌ ပျဉ်းမ ၇၀၀၊ ထန်း ၅၀၀၊ ယူကလစ် ၂၀၀၊ စိန်ပန်း ၂၀၀၊ အော်ရေးရှား ၂၀၀ စုစုပေါင်းအပင် ၁၈၀၀ တို့ကို စိုက်ပျိုးနေကြသည့် ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား နှုတ်ဆက်အားပေး၍ အရိပ်ရပင်ဖြစ်သည့် ပျဉ်းမပင်ကို စိုက်ပျိုးပေးသည်။

ပေးအပ်

ထို့နောက် ဒုတိယမြို့တော်ဝန်သည် မြို့နယ်စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၊ အောင်မင်္ဂလာကန်(၁)၊ အောင်မင်္ဂလာကန်(၂)၊ အောင်မင်္ဂလာကန်(၃)နှင့် မြို့နယ်ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေး၍ ဆေးဝါးကုသမှု ခံယူနေကြသည့် လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂျာမနီနှင့် ဆာဘီးယားတို့ အမှတ်ပြည့်ရဖွယ်ရာရှိနေသည့် ၂၀၁၀ ကမ္ဘာ့ဖလား အုပ်စုတတိယနေ့ပွဲစဉ်များ

၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စုတတိယနေ့ ပွဲစဉ်တွေမှာ အယ်လ်ဂျီးရီးယားနဲ့ ဆလိုဗေးနီးယား၊ ဆာဘီးယားနဲ့ ဂါနာ၊ ဂျာမနီနဲ့ ဩစတြေးလျတို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။

အယ်လ်ဂျီးရီးယား- ဆလိုဗေးနီးယား
၁၃-၆-၂၀၁၀ (တနင်္ဂနွေနေ့)
ညနေ ၆ နာရီ

နည်းပြဆာဒါနီ ကိုင်တွယ်နေတဲ့ အယ်လ်ဂျီးရီးယားအသင်းဟာ အာဖရိကဇုန်ခြေစစ်ပွဲမှာ ခြေစွမ်းပြပြီး တက်လာနိုင်ခဲ့တဲ့ အသင်းပါ။ အယ်လ်ဂျီးရီးယားအသင်းမှာ ကမ္ဘာ့အဆင့်အတန်းမီ ကစားသမားတွေမရှိပေမယ့် ဟာလီချီ၊ ယာဟီရာ၊ လာစင်၊ မန်ဆော်ရီ၊ မက်မိုယူ၊ ဇီယာနီနဲ့ ဂါဟီဇယ်လ်တို့လို ကစားအားကောင်းတဲ့ ကစားသမားတွေရှိနေပါသေးတယ်။ ဥရောပဇုန်ကတက်လာတဲ့ ဆလိုဗေးနီးယားအသင်းကတော့ နည်းပြ မက်ဂျာဇ်ကက်ခ်ရဲ့ ကိုင်တွယ်မှုအောက်မှာ တက်ကြွလန်းဆန်းနေပါတယ်။ ဆလိုဗေးနီးယားအသင်းမှာ နိုဗာကိုဗစ်၊ ပက်နက်ခ်၊ လမ်ဘီဂျန်ကစ်တို့လို တိုက်စစ်မှူးကောင်းတွေရှိနေတာကြောင့် အယ်လ်ဂျီးရီးယားအသင်းကို အသာစီးရယူပြီး ကပ်နိုင်သွားဖို့ရှိနေပါတယ်။

ဆာဘီးယား-ဂါနာ
၁၃-၆-၂၀၁၀ (တနင်္ဂနွေနေ့)
ည ၈း၃၀ နာရီ

ဆာဘီးယားအသင်းကို ကိုင်တွယ်နေတဲ့ နည်းပြ ရာဒိုမင်အန်တစ်ဟာ ဘောလုံးကစားသမားဘဝကို ဖြတ်သန်းခဲ့ဖူးသလို စပိန်လာလီဂါက အသင်းကြီးတွေကို ကိုင်တွယ်ခဲ့ဖူးတာကြောင့် အတွေ့အကြုံရင့်ကျက်တဲ့ နည်းပြတစ်ဦးလို့ဆိုရမှာပါ။ ဆာဘီးယားအသင်းဟာလည်း ရာဒိုမင်အန်တစ် လက်ထက်မှာ ခြေစွမ်းထက်တဲ့ အသင်းတစ်သင်းဖြစ်လာပါတယ်။နည်းပြ ရာဂျီဗာကိုင်တွယ်နေတဲ့ အာဖရိကဇုန်က ဂါနာအသင်းကတော့ ခပ်ကြမ်းကြမ်း၊ ခပ်မာမာ ကစားတတ်တာကလွဲလို့ ခြေစွမ်းက သာမန်အဆင့်မှာပဲ ရှိနေပါတယ်။ ဒါကြောင့် အီဗန်နိုဗစ်၊ လူကိုဗစ်၊ ဗီဒစ်၊ ဂျိုဗာနိုဗစ်၊ မီလီဂျစ်၊ စတန်ကိုဗစ်၊ ဇိုရန်တိုဆစ်၊ ပန်တဲလစ်တို့လို ကစားသမားကောင်းတွေရှိနေတဲ့ ဆာဘီးယား အနိုင်သုံးမှတ် ရယူသွားနိုင်မှာပါ။

ဂျာမနီ - ဩစတြေးလျ
၁၄-၆-၂၀၁၀ (တနင်္လာနေ့)
နံနက် ၁ နာရီ

ဥရောပဇုန်က တက်လာတဲ့ဂျာမနီနဲ့ အာရှတိုက်ကိုယ်စားပြု တက်လာတဲ့ ဩစတြေးလျတို့ဟာ ခြေစွမ်းချင်း ကွာခြားလှပါတယ်။ နည်းပြဂျိုချင်လောရဲ့ ဂျာမနီအသင်းမှာ ဘိုတန်၊ ဖိလစ်လမ်း၊ အိုဇီ၊ ရှဝိန်းစတိုင်ဂါ၊ ကာကူး၊ ကလိုဆေး၊ မူလား၊ ပိုဒေါ်စကီးတို့နဲ့ လူစုံလာမှာဖြစ်ပြီး ဩစတြေးလျအသင်းမှာတော့ လူးကပ်နေးလ်၊ တင်ကာဟေးလ်၊ အီမာတန်နဲ့ ကီးဝဲလ်တို့လောက်သာ လောက်လောက်လားလားရှိတာကြောင့် အင်အားကြီး ဂျာမနီကို သရေရအောင် ခံကစားဖို့ဆိုတာ စိန်ခေါ်မှုတစ်ရပ်ပါ။ ဂျာမနီအသင်း အနိုင်သေချာတဲ့ပွဲလို့ ဆိုချင်ပါတယ်။

ဝင်းတင် (ကြေးမုံ)

(၁၉) ကြိမ် မြောက် ၂၀၁၀ က မ္ဘာ့ ဖ လား ဘော လုံး ပြိုင် ပွဲ မြင် ကွင်း

အုပ်စု (B) မှ တောင်ကိုရီးယားနှင့် အာဂျင်တီးနားတို့ ပွဲဦးထွက်နိုင်ပွဲရ

ဝင်းကြေးမုံ

ဂျိုဟန်နစ္စဘတ် ဇွန် ၁၂

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ယနေ့ဆက်လက်ကျင်းပရာ ပထမပွဲစဉ်အဖြစ် အုပ်စု(B)က တောင်ကိုရီးယားအသင်းနဲ့ ဂရိအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ကိုရီးယားအသင်းက နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။

တောင်ကိုရီးယား ၂-၀ ဂရိ

နည်းပြ ရီဟာဂဲကိုင်တွယ်တဲ့ ဂရိအသင်းဟာ တီဇော်ဗက်စ်၊ တီဇိုလစ်၊ ဆာမာရက်စ်၊ ပါပါဒိုပူးလော့စ်၊ ချာရစ်တီရာ၊ ကာရာကူးနစ်၊ ဗင်ထရာ၊ ဂီကက်စ်၊ တိုရိဆီဒစ်၊ ကက်ဆူရာနစ်စတဲ့ အမာခံကစားသမားများနဲ့ ပွဲထွက်လာကာ တောင်ကိုရီးယားမှာတော့ ဂျန်ဆန်ယောင်း၊ ပက်ဂျီဆန်၊ လီယောင်ပျို၊ ချာဒူရီ၊ ကင်ဂျန်ဝူး၊ ယောင်ကီဟန်၊ ပက်ချူယောင်တို့နဲ့ လူစုံပါဝင်လာခဲ့ပါတယ်။

တောင်ကိုရီးယားအသင်းဟာ ဂရိအသင်းနဲ့ ဘောလုံးအဆင့်အတန်းချင်း ကွာခြားမှုရှိပေမယ့် ခြေရည်တူကစားနိုင်တဲ့အပြင် ပွဲအစ ခုနစ်မိနစ်မှာပင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒီဂိုးကို လီချောင်ဆူးက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဂရိအသင်းဟာ ချေပဂိုးပြန်လည်ရရှိရေး ကြိုးစားလာပေမယ့် အရာမထင်ခဲ့ဘဲ ဒုတိယပိုင်း ၅၂မိနစ်မှာ တောင်ကိုရီးယား အသင်းခေါင်းဆောင် ပက်ဂျီဆန် တစ်ကိုယ်တော် အစွမ်းနဲ့ ဘောလုံးကိုဆွဲပြေးပြီး နောက်ခံလူနှစ်ဦးနဲ့ ဂိုးသမားတို့ ကာကွယ်နေတဲ့ကြားကနေ တောင်ကိုရီးယားအတွက် ဒုတိယဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာလည်း တောင်ကိုရီးယားအသင်းကသာ ပွဲကိုစိုးမိုးလာကာ အနိုင်ကိုထိန်းထားနိုင်တာကြောင့် ပွဲအပြီးမှာ ဂရိအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

အာဂျင်တီးနား ၁ - ၀ နိုင်ဂျီးရီးယား

ဒုတိယပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းနဲ့ နိုင်ဂျီးရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အာဂျင်တီးနားအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။

မက်ဆီ၏ ထိုးဖောက်မှုကို နိုင်ဂျီးရီးယားနောက်ခံလူများ ဟန့်တားရန်ကြိုးစားစဉ်။

ဂရိဘက်သို့ ဦးဆောင်ဂိုးသွင်းပြီးနောက် အောင်ပွဲခံနေသည့် ကင်ဂျန်ဝူးနှင့် လီချောင်ဆူး။

အာဂျင်တီးနား အသင်းမှာ ဆာဂျီယိုရိုမီယို၊ ဟိန်နဇ်၊ ဂူတီရက်ဇ်၊ ဆင်မြူရယ်၊ ဒီမစ်ချယ်လီ၊ ဗီရွန် (မက်စီ ရိုဒရီဂွဇ်)၊ တီဗက်ဇ်၊ မက်ဆီ၊ ဟီဂွါရင် (မီလီတို)၊ မာရှေယာနိုနဲ့ ဒီမာရီယာတို့ ပါဝင်ကစားခဲ့ပြီး နိုင်ဂျီးရီးယား အသင်းကတော့ အန်ရီယာမာ၊ အိုဘီနာ၊ အီသူဟူ၊ ယိုဘို၊ ယာကူဘူ၊ တိုင်ဝို၊ အဒီလီရီနဲ့ ကီရာတာစတဲ့ အမာခံကစားသမားများနဲ့ ပွဲထွက်လာခဲ့ပါတယ်။

အာဂျင်တီးနား အသင်းဟာ နောက်တန်းမှာ ဟိန်နဇ်၊ ဂူတီရက်ဇ်နဲ့ ဆင်မြူရယ် စတဲ့ အတွေ့အကြုံရင့်ကျက်တဲ့ ကစားသမားများကို နောက်တန်းမှာ အထိုင်ချပြီး ကွင်းလယ်က မာရှေယာနို၊ ဗီရွန်၊ ဒီမာရီယာတို့ရဲ့ ပံ့ပိုးမှုအားနဲ့ မက်ဆီ၊ တီဗက်ဇ်နဲ့ ဟီဂွါရင်တို့ တိုက်စစ်အတွဲက ယိုဘို၊ တိုင်ဝိုတို့ရဲ့ နိုင်ဂျီးရီးယား နောက်တန်းကို ကောင်းကောင်းမွှေနှောက်ဒုက္ခပေးနိုင်ခဲ့တာကို တွေ့ရပါတယ်။ ပွဲစတာနဲ့ တရစပ်ဖိအားပေး တိုက်စစ်ဆင်လာတဲ့ မာရာဒိုနာရဲ့ အာဂျင်တီးနားတိုက်စစ်ကို ကြံ့ကြံ့ခံဖျက်ထုတ်နေရတဲ့ နိုင်ဂျီးရီးယားဟာ တစ်ချက်တစ်ချက်မှသာ တန်ပြန်တိုက်စစ်ဆင် ကစားနိုင်ခဲ့ပါတယ်။ နိုင်ဂျီးရီးယားက ယာကူဘူ၊ အီသူဟူနဲ့ ကီရာတာတို့တိုး အားကောင်းပေမယ့် အာဂျင်တီးနား နောက်ခံကစားသမားတွေဖြစ်တဲ့ ဟိန်နဇ်နဲ့ ဂူတီရက်ဇ်တို့ကို ကျော်ဖြတ်နိုင်ခြင်းမရှိခဲ့ပါဘူး။

အာဂျင်တီးနားအတွက် ဂိုးကို ပွဲချိန် ၆မိနစ်မှာ ဟိန်နဇ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စနေနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြင်သစ်နဲ့ ဥရုဂွေးတို့ပွဲမှာ ဂိုးမရှိသရေ ဖြစ်ခဲ့ပါတယ်။

မြစပါယ် ပန်းဆိုးတန်းဆိုင်ခွဲ ဖွင့်ပြီ

ဆိုင်ဖွင့်ချိန် နံနက် ၇:၀၀ မှ ည ၉:၀၀ ထိ

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်ပျဉ်းမနား၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ ပေါင်းလောင်း(၂)၊ ၁၉ လမ်းရှိ မြေကွက်အမှတ်(၆၈၂+၆၈၃+၇၇၁+၇၇၂)၊ ပေ(၄၀×၆၀)မြေကွက်(၄)ကွက်အား ဒေါ်နော်ကြူကြူဝင်း နိုင်ငံသားစိစစ်ရေးအမှတ်[၁၂/အလန(နိုင်)၀၂၁၀၈၉]မှုရင်း၏အမည်ဖြင့် ပိုင်ဆိုင်မှု အမည်ပြောင်းတင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ၈-၇-၂၀၁၀ ရက်နောက်ဆုံးထား၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁)၊ ၅၁-လမ်း၊ အမှတ်(၁၀၈/၁၁၀)၊ ၂-ခန်းတွဲ (၈)ထပ်တိုက် အဆောက်အအုံ၏ တောင်ဘက်ခြမ်းရှိ စတုတ္ထအလွှာအခန်းနှင့် တွယ်ကပ်တပ်ဆင်ထားသည့် ကြိုးသွယ်ဖုန်းအမှတ်(၂၉၂၂၅၂) သုံးစွဲခွင့်အပါအဝင်ကို တရားဝင်ပိုင်ဆိုင်နေထိုင်လျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်သန့်ဇင်-ပါ ၂ ဦးထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို တိုက်ခန်းအရောင်းအဝယ်အတွက် ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း မူရင်းတို့နှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆုံးခန်းတိုင် ဆက်လက်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မျိုးသူ (LL.B) တရားရုံးချုပ်ရှေ့နေ
အမှတ်(၆၀)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

မင်္ဂလာမွန်ဈေးကြီး

ထဲမှာ ဒို့တစ်တွေအားလုံး တစုတဝေးတည်း ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပြီ။

- မောရွှေလီ–ကီမိုနိုနှင့်ပါတိတ်ဆိုင် (G-2 မြေညီ ၁၀၁)
- ဒေါ်မြသန်း–မြတ်မဥ္ဇူ–ပါတိတ်ဆိုင် (မြေညီ ၃၃၊ ၄၅၊ ၄၆)
- ကြည်လင်–စပို့ရှပ်ဆိုင် (မြေညီ ၁၉၊ ၂၀)
- သီဟရာဇာ–အထည်ဆိုင် (မြေညီ ၄၇)
- ခင်သန်းဦးနှင့်ညီမများ–အထည်ဆိုင် (မြေညီ ၅၀)
- မြသဇင်–ချုပ်ထည်နှင့်အထည်ဆိုင် (မြေညီ ၂၆၁)
- စိန်တေဇာ–ဒေါ်ကြည်အေး–အထည်ဆိုင် (မြေညီ ၂၆၉၊ ၂၉၆)
- မဥမ္မာ–မိန်းကလေးဝတ်အထည်ဆိုင် (G-3 မြေညီ ၂၉၁)
- မချို–အထည်ဆိုင် (မြေညီ ၁၀၇)
- ကိုမောင်မောင်အေး–အထည်ဆိုင် (မြေညီ ၂၁၉)
- မမီးမီး(ပါထိုင်း)–အထည်ဆိုင် (မြေညီ ၁၀၃)
- မိုးသီဟ–အထည်ဆိုင် (မြေညီ ၂၂၁)
- ကောင်းထက်–အထည်ဆိုင် (မြေညီ ၁၇၉)
- ဒေါ်ခင်ဝင်းကြည်–အင်ဒိုနီးရှားပါတိတ်ဆိုင် (မြေညီ ၂၂၈)
- လှလှရီ–ဇာဘော်လီပင်ရင်း (မြေညီ ၂၃၂)
- မတင်တင်မာ (TNT)– ချုပ်ထည်ပင်ရင်း (မြေညီ ၁၃၇၊ ဒု-၁၉၃)
- ခိုင်သဇင်ထွန်း–အထည်ဆိုင် (မြေညီ ၂၂၄)
- ဦးဘဂျမ်း–ပုဆိုးဆိုင် (မြေညီ ၁၅၁၊ ၁၅၂)
- မြင့်မြင့်စန်း–မပုချို–အထည်ဆိုင် (မြေညီ ၁၈၀)
- ပိုပိုစိန်–အထည်ဆိုင် (မြေညီ ၁၈၁)
- ရွှေဇီးကွက်–ဦးကျော်ဝင်း-ဒေါ်တင်အေး-ပါတိတ်ဆိုင် (မြေညီ ၉၂၊ ၉၃)
- ထင်ရှား–ချည်ချောလုံချည် ၀၉ ၅၁၄ ၈၂၀၄၊ ၀၉ ၅၄၄ ၈၂၀၄
- ရွှေနဂါး–ချုပ်ထည်ပင်ရင်း (မြေညီ ၂၁)
- ရွှေနဂါး–အထည်ဆိုင် (မြေညီ ၂၂)
- ဟာဿာ–အထည်ဆိုင် (၂၈-၆-၂၀၁၀)ဖွင့်မည်။(မြေညီ ၂၄)
- ဦးမြင့်နှင့်သမီးများ–အထည်ဆိုင် (မြေအောက် ၃၉၊ မြေညီ ၂၁၀)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

လောမှ ရှမ်းရွာ မြစ်ရေတင် စီမံကိန်းဖြင့် နွေစပါး စိုက်ပျိုးဖြစ်ထွန်းနေသည့် ရပ်ဝန်း

ပေါင်းလောင်းမြစ် နံဘေးမှ ရှမ်းရွာ လျှပ်စစ်မြစ်ရေတင် စီမံကိန်း ရေယူအဆောက်အအုံများကို ဤသို့ တွေ့ရသည်။

နေပြည်တော်လယ်ဝေးမြို့နယ်သို့ သတင်းဆောင်းပါးခရီးစဉ် စဆွဲကတည်းက ခရီးထောက်နိုင်၍ အပြန်မှဝင်မည်ဟု ဆုံးဖြတ်ထားခဲ့သော လောမြို့ကလေးကို ဦးစွာဝင်ဖြစ်ခဲ့သည်မှာ ရှမ်းရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို လေ့လာချင်စိတ် ပြင်းပြသောကြောင့်ဟု ဆိုရမည်ဖြစ်သည်။

ခရီးလမ်းညွှန်သူ၏ လောမြို့ရှောင်လမ်းတွင် ဆက်ဆက်စောင့်နေပါမည်ဟူသောချိန်းဆိုချက်ကို လိုက်နာဆောင်ရွက်ရန် ကြေးမုံသတင်းအဖွဲ့ နေပြည်တော်ပျဉ်းမနား မြို့မဈေးကြီးမှ လောသို့ မော်တော်ကားဖြင့် ခရီးဆက်ခဲ့သည်။ မကြာသေးသောရက်များက ပျံ့ပျံ့နှံ့နှံ့ ရွာသွန်းခဲ့သောမိုးကြောင့် စိမ်းလန်းနေသည့်မြင်ကွင်းက လောမြို့ရှောင်လမ်းရောက်သည်အထိ၊ ရှေ့ဆက်သွားလျှင်လည်း စိမ်းနေဦးမည်ပင်။

ကြေးမုံသတင်းအဖွဲ့နှင့် လမ်းညွှန်သူတို့ ချိတ်ဆက်မိသောအခါ ရှမ်းရွာမြစ်ရေတင်စီမံကိန်းသို့ အဆောတလျင် ခရီးဆက်ကြသည်။ အချိန်မဆိုင်းနိုင်သော၊ ခရီးတွင်လိုသော ကြေးမုံသတင်းအဖွဲ့ကို မော်တော်

သတင်းဆောင်းပါး - ဇော်ဝင်း(ကြေးမုံ)
ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)
အဆင်အပြင် ဖြိုးစန္ဒာမြင့်

ဆိုင်ကယ်များဖြင့်တင်ဆောင်ကာ ပေါင်းလောင်းမြစ်ကမ်းသို့ အပြင်းနှင်ကြသည်။

ပေါင်းလောင်း(ခ)စစ်တောင်းမြစ်ပေါ်မှ အထင်ကရ မြစ်ရေတင်စီမံကိန်းသည်

စာမျက်နှာ ၉ ကော်လံ ၁ သို့✳

အင်တာနက်ဇီဝသိပ္ပံသတင်း ဘာသာပြန် - ရောမောင်

ရေနံယိုဖိတ်မှုကို ရှင်းလင်းသုတ်သင်ပေးမည့် ဗက်တီးရီးယားပိုး ရှာဖွေတွေ့ရှိ

လော့စ်အိန်ဂျလိစ် ဇွန် ၁၂

မက္ကဆီကိုပင်လယ်ကွေ့ ရေနံယိုဖိတ်မှုအတွက် သန့်ရှင်းရေးပြုလုပ်ပေးနိုင်မည့် ဗက်တီးရီးယားပိုးတစ်မျိုးကို တရုတ်နှင့် အမေရိကန်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း ဇွန် ၁၂ ရက် သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ ဗက်တီးရီးယားပိုးမွှားများသည် ရမ်နိုလီပစ် (rhamnolipids)ဒြပ်ပေါင်းတစ်မျိုးကို ထုတ်လုပ်နိုင်သည့် အထူးစွမ်းပကားရှိနေကြောင်း အမေရိကန်နိုင်ငံ အော်ရီဂွန်ပြည်နယ် တက္ကသိုလ်၏ သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ရေနံယိုဖိတ်မှုကို ရှင်းလင်းသန့်စင်ပေးမည့် ဗက်တီးရီးယားပိုးကို NY 3 ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့✣